# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (26-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

# ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jiaတို့ ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# သတင်းမီဒီယာကျင့်ဝတ်၊ စည်းကမ်းများကို အလေးထားလိုက်နာ

ယနေ့ဆိုရှယ်မီဒီယာခေတ်တွင် လူတိုင်းနီးပါး အင်တာနက်ကိုကျယ်ကျယ်ပြန့်ပြန့်အသုံးပြု၍ သတင်းအချက်အလက်များဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချီခြင်းများ ပြုလုပ်လာကြသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံသတင်းများပျံ့နှံ့မှုသတင်းရေးသားသူတို့လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်စံနှုန်းများ ကျိုးပေါက်မှုမှာလည်း လွန်စွာများပြားလျက်ရှိသည်။

သတင်းမီဒီယာများ၏ လွှမ်းမိုးမှုသည် ပြည်သူတို့၏နေ့စဉ်ဘဝကို အလွန်အကျိုးသက်ရောက်စေသည့်အတွက် သတင်းမီဒီယာများသည် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေတို့နှင့်အညီ ဆောင်ရွက်ကြရန် အလွန်အရေးကြီးသည်။ သတင်းမီဒီယာများအနေဖြင့် ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအခြေအနေများကို စဉ်းစားချင့်ချိန်မှုဖြင့် မှန်မှန်ကန်ကန်ရေးသားခြင်း၊ မဟုတ်မမှန်သတင်းများအပေါ်အခြေခံ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ်ထိခိုက်စေနိုင်သည့် ရေးသားဖော်ပြမှုကိုရှောင်ကြဉ်ကာ ဆင်ခြင်တုံတရားဖြင့် အပြုသဘောရေးသားကြရန်လိုအပ်လှသည်။ ထို့ပြင် အကြမ်းဖက်သမားများကိုအားပေးအားမြှောက်ဆန်သည့်သတင်းများ၊ ပြည်သူများအထိတ်တလန့်ဖြစ်စေသည့်သတင်းများ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့်သတင်းများကို သတင်းမီဒီယာများအနေဖြင့် ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကိုလည်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ သတင်းတု၊ သတင်းမှားများ မပြန့်ပွားရေးအတွက် အလေးထား လိုက်နာဆောင်ရွက်ကြရမည်ပင်ဖြစ်ပါသည်။

သတင်းတု၊ သတင်းမှားများသည် ဖတ်ရှုသူပရိသတ်များကို ကြိုးကိုင်ခြယ်လှယ်ရန်နှင့် လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ဖန်တီးထားခြင်းလည်းဖြစ်သည်။ လူအများစုသည် ယုံကြည်ရသောသတင်းအရင်းအမြစ်များနှင့် သတင်းတုများကို ခွဲခြားသိမြင်နိုင်စွမ်းဖြစ်သည့် ဆန်းစစ်ဝေဖန်တွေးခေါ်နိုင်မှု အားနည်းတတ်သည်ဖြစ်ရာ သတင်းတု၊ သတင်းမှားများ၏ သားကောင်အဖြစ် လွယ်လွယ်ကူကူသက်ဆင်းမိကြခြင်းဖြစ်လေ့ရှိသည်။ ထို့ကြောင့် သတင်းတု၊ သတင်းမှားများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အန္တရာယ်ကြီးသည့်အတွက် ထိထိမိမိကာကွယ်တားဆီးကြရမည်ဖြစ်သည်။

သတင်းစားသုံးသူပြည်သူများအတွက် သတင်းတု၊ သတင်းမှားများ၏ ဘေးအန္တရာယ်မှ ထိထိရောက်ရောက် ကာကွယ်နိုင်မှုတစ်ခုမှာ မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှု အသိပညာပေးခြင်းဖြစ်ပါသည်။ သတင်းစားသုံးကြသူများသည်လည်း လူမှုကွန်ရက်နှင့် အခြားမီဒီယာတစ်ခုခုမှ ဖော်ပြထားသော သတင်းတစ်ခုကို ဖတ်ရှုရာတွင် သတင်းကိုခေါင်းစဉ်တစ်ခုသာဖတ်ခြင်းမပြုဘဲ အစမှအဆုံးတိုင် ဖတ်ရှုသင့်ပါသည်။ ထို့နောက် သတင်းရေးသားသူနှင့် သတင်းရင်းမြစ်၏ ယုံကြည်စိတ်ချရမှုကို စိစစ်နိုင်ရပါမည်။ သတင်းထုတ်ပြန်ရက်စွဲနှင့် ဖော်ပြရက်စွဲ ဆက်စပ်ယုတ္တိရှိမှု၊ ခေါင်းစဉ်နှင့် သက်ဆိုင်သော အကြောင်းအချက်အလက်များ သတင်းစာကိုယ်ထဲတွင် တိကျခိုင်မာစွာဖော်ပြထားမှု စသည့်အချက်များနှင့် သံသယရှိရှိဖတ်ရှုလေ့လာကြမှသာ သတင်းတု၊ သတင်းမှားထောင်ချောက်မှ လွတ်ကင်းမည်ပင်ဖြစ်ပါသည်။

လူမှုကွန်ရက်နှင့် အခြားမီဒီယာတို့မှ နေ့စဉ်နှင့်အမျှ ရည်ရွယ်ချက်ရှိရှိဖြန့်ဝေနေသော သတင်းတု၊ သတင်းမှားများကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတို့၌ ထိလွယ်ရှလွယ် ပဋိပက္ခအသွယ်သွယ်ကို ဖြစ်စေပါသည်။ ထို့ကြောင့် သတင်းတု၊ သတင်းမှားအန္တရာယ်ကို သိရှိနားလည်သဘောပေါက်မှုနှင့် သတင်းမှားအဖြစ် ဖော်ထုတ်နိုင်မှုစွမ်းရည်များတိုးတက်လာစေရန် မီဒီယာသိနားလည်မှု အသိပညာပေးလုပ်ငန်းများကို ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အတူ သတင်းမီဒီယာများအနေဖြင့်လည်း သတင်းမီဒီယာကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများကို အလေးထားလိုက်နာကြရမည်လည်းဖြစ်ပါသည်။ သို့မှသာ သတင်းအဆိပ်မသင့်သည့် ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ခိုင်မာစွာရပ်တည်သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လေ့တည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**



## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၅)အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ သက်ဆိုင်ဌာနများနှင့်ကုမ္ပဏီများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံရင်းနှီးမြှုပ်နှံမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ရေးကို အားပေး ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍများကိုမြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးချဲ့ခြင်း၊ လုပ်ငန်းများနှင့် ဆက်စပ်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး တိုးချဲ့ဆောင်ရွက်သွားရေးတို့ကို ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နေပြည်တော် တပေါင်းကွင်း၌ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု MSME ထုတ်ကုန်များအပြင် ဒေသတစ်ခု ထွက်ကုန်တစ်ခုအနေဖြင့်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့သည့် ငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့တင်ပို့သည့် ငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးခြောက်အမျိုးမျိုးထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေသန်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့ငါးခြောက်များကို ရန်ကုန်ဈေးကွက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှစ၍ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ငါးရံ့ခြောက်များ တစ်ပတ်လျှင် ငါးရံ့ခြောက် ပိဿာချိန် ၅၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ဒေသထွက်ငါးရံ့ခြောက်တွေက လတ်တလောထုတ်လုပ်ထားတဲ့ငါးရံ့ခြောက်တွေပါ။ တင်ပို့နေတဲ့ ငါးရံ့ခြောက်တွေက အတော်ကို အရည်အသွေး ကောင်းပါတယ်။ ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်က ကုန်သည်တွေက မှာယူမှု များပြားနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် ငါးရံ့ခြောက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀၀၊ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရံ့ခြောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငါးခြောက်အမျိုးမျိုးထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေသန်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် ပျဉ်းမကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ချောင်းနက်ကျေးရွာအုပ်စု ပျဉ်းမကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပျဉ်းမကြီးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ နှစ်ပေနှင့် မြေနီကျောက်စရစ် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ၂၀၂၄ ခုနှစ် မေ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သဖြင့် အဆိုပါကျေးရွာရှိ လယ်ယာဧက ၅၀၀ တို့မှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အချိန်မီ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၇၃ လမ်း၊ ၂၈ လမ်း၊ ဥက္ကာသီရိကုမ္ပဏီလီမိတက်က ဆေးပဒေသာပင်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မင်းတို့က လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် နှမ်းဧကအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၃ ဒသမ ၈၈ တင်း ထွက်ရှိ



**ကသာ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် နှမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၈၈ တင်းထွက်ရှိကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၅၂၅၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၇၂၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၅၂၅၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၅၇၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# စဥ့်ကိုင်မြို့နယ် မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဥ့်ကိုင် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သာကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြို့သာကုန်းကျေးရွာရှိ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ရေရှည် ဖွံ့ဖြိုးတိုးတက်စေရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များနှင့် စီမံကိန်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များနှင့် ငွေစာရင်းပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြို့သာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျား စပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇန်နဝါရီ ၂၅**


ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါး အမျိုးအစား တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တစ်လအတွင်းက ထိုင်းဘေးကျား စပါးအမျိုးအစားတင်းရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ထိုင်းဘေးကျားစပါးအမျိုးအစား တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျား စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါး ဈေးကွက်မှာကို အဲဒီစပါးအမျိုးအစားက အဝယ်လိုက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့်ထိုင်းဘေးကျား စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထိုင်းဘေးကျားစပါးအမျိုးအစားသည် အရည်အသွေးကောင်းမွန်သည့်စပါးဖြစ်ကြောင်း၊ အဆိုပါစပါးများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ကုန်သည်များ၊ စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# အောင်မြင်ချမ်းသာရန် နောက်တစ်ကြိမ်ကြိုးစားကြည့်ပါ

**အေးချမ်းဆု**

ငွေကြေးကြွယ်ဝချမ်းသာရန်အတွက် အမျိုးမျိုး ကြိုးစားလုပ်ကိုင်နေကြရသည်။ တစ်ခါတစ်ရံတွင် ဆုံးရှုံးမှုများကြောင့် စိတ်ဓာတ်ကျဆင်း၍ ဆက်လက်ကြိုးစားချင်စိတ်ပျောက်ကွယ်နေတတ်ပြီး လက်မြှောက်အရှုံးပေးလိုလာတတ်သည်။ ဆုံးရှုံးမှုများဖြင့်ကြုံရသည့်အခါ ထပ်မံကြိုးစားလိုစိတ်များ ပျောက်ဆုံးသွားတတ်သည်။ ထိုအခါများတွင် ကိုယ့်ကိုယ်ကိုယ် အားပေးခြင်း၊ လှုံ့ဆော်ခြင်းကိုလုပ်ပြီး နောက်တစ်ဖန်ပြန်စရသည်သာဖြစ်သည်။ "ဒီတစ်ကြိမ်တော့ ထပ်ကြိုးစားကြည့်လိုက်မယ်"ဟု စိတ်ကိုမွေးယူရတတ်သည်။ ထိုတစ်ကြိမ်သည် မိမိဘဝအတွက် အပြောင်းအလဲကြီးတစ်ခုဖြစ်သွားသည်ထိ လုပ်ကိုင်နိုင်ရန်လိုအပ်သည်။ "ချမ်းသာဖို့ နောက်တစ်ကြိမ် ကြိုးစားကြည့်ပါ" ယခုတစ်ကြိမ် ကြိုးစားရာတွင် မည်သို့လုပ်ကိုင်မည်နည်း၊ ဆုံးရှုံးခဲ့၊ ကျရှုံးခဲ့သည့် နည်းလမ်းအတိုင်းလိုက်၍ မဖြစ်နိုင်၊ မည်သည့်အတွက် ဆုံးရှုံးခဲ့ရပါသလဲ၊ မည်သို့ပြန်လည်ထူထောင်မလဲ၊ မည်သို့ပြန်လည်စတင်မလဲ စသည့် အချက်အလက်ပေါင်းများစွာကို ကြုံဆုံခဲ့ရသည့် အတိတ်ကအတွေ့အကြုံများအပေါ် အခြေခံ၍လည်းကောင်း၊ အကြံဉာဏ်ကောင်းများကို ရင်းနှီးသူများထံမှရယူ၍လည်းကောင်း ပြင်ဆင်လုပ်ကိုင်သွားရန် လိုအပ်မည်ဖြစ်သည်။ ချမ်းသာရန် နောက်တစ်ကြိမ် ကြိုးစားကြည့်ခြင်းဆိုရာတွင် စီမံကိန်းပြင်ဆင်ချက်များကို ကြိုတင်ချမှတ်ရေးဆွဲပြီး ပြည့်ဝချမ်းသာရေး ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ခြင်းပင်ဖြစ်သည်။ အခွင့်အလမ်းများကိုအသုံးချပြီး သေချာသော စီမံချက်ဖြင့် အနာဂတ်တွင် အောင်မြင်ချမ်းသာသူ တစ်ယောက်ဖြစ်လာရန် လုပ်ကိုင်မည့်နည်းလမ်းများကို ချမှတ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ထိုသို့ဆောင်ရွက်မည်ဆိုပါက အောက်ပါ အဓိကသော့ချက်များကို လိုက်နာရန်လိုအပ်မည်ဖြစ်သည်–

- ရှေ့လုပ်ငန်းစဉ်များကို သေချာစွာချမှတ်ခြင်း၊
- ကြုံတွေ့ခဲ့သော အမှားသင်ခန်းစာများကို ပြန်လည်သုံးသပ်ခြင်း၊
- မရမနေဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူမတ် အောင်မြင်အောင် ကြိုးစားခြင်း။

**ရှေ့လုပ်ငန်းစဉ်များကို သေချာချမှတ်ခြင်း**

ရှေ့လုပ်ငန်းစဉ်များကို သေချာချမှတ်သည်ဆိုခြင်းမှာ အနာဂတ်စီမံချက်ကို သေချာရေးဆွဲချမှတ်ခြင်း၊ သတ်မှတ်ခြင်းဖြစ်သည်။ ထိုသို့အနာဂတ်အတွက် ရေရှည်စီမံချက်တစ်ခုကို ချမှတ်မည်ဆိုပါက မိမိနှင့်မိမိလုပ်ငန်းကို အကောင်အထည်ဖော်မည့်သူများတွင် အရည်အချင်းပြည့်မီရန်အတွက် ဖြည့်ဆည်းထားရန်လိုအပ်သည်။ အရည်အသွေးမမီသည့် အကောင်အထည်ဖော်သူများကြောင့်လည်း လုပ်ငန်းများဆုံးရှုံးတတ်သည်။ သို့သော်လည်း အနာဂတ် Vision and Mission များချမှတ် အကောင်အထည်ဖော်ရန် စီမံကိန်းများရေးဆွဲခြင်းကို သေချာစွာသတ်မှတ်ထားရန်လိုအပ်သည်။ စီမံကိန်းများချမှတ်သည်ဆိုပါက တစ်နှစ်တစ်လမျှမကဘဲ ကာလရှည်၊ ကာလလတ်နှင့် ကာလတိုဟု အချိန်များခွဲခြား၍ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့စီမံကိန်းများရေးဆွဲရာတွင် အမှန်ရှိနေသည့် အခြေအနေပေါ်တွင် အမှန်အတိုင်း စဉ်းစားပြီး ရေရှည်လုပ်ငန်းစဉ်များ ချမှတ်စီမံနိုင်ရန်လိုအပ်သည်။

**အမှားသင်ခန်းစာများကို ပြန်လည်သုံးသပ်ခြင်း**

အောင်မြင်ရန် နောက်တစ်ကြိမ် ပြန်လည်ကြိုးစားရာတွင် ယခင်မှားခဲ့သော အမှားမျိုးကို ထပ်မံမမှားရန် အထူးသတိပြုရန်လိုအပ်သည်။ တစ်ပုံစံတည်း အခြေအနေမျိုးကြုံရမည်မဟုတ်သော်လည်း ဆင်တူသော မှားယွင်းမှုဖြစ်စေသည့်အချက်များကို ကြုံရနိုင်သည်။ ယခင်မှားယွင်းခဲ့သော အမှားမျိုးကို ဆင်ခြင်သုံးသပ်ပြီး ထပ်မံ၍ ဆင်တူအမှားမျိုး မကျူးလွန်မိစေရန်နှင့် မှားယွင်းမှုများကို အတွေ့အကြုံများအဖြစ်ခံယူပြီး မည်သို့ပိုကောင်းအောင်လုပ်မည်၊ မည်သို့မမှားအောင်လုပ်မည်ကို ဆင်ခြင်သုံးသပ်ပြီး ပြင်ဆင်ထိန်းသိမ်းမှုများ၊ လမ်းကြောင်းမှန်ရှာဖွေထားခြင်းများ ဆောင်ရွက်ထားရမည်ဖြစ်သည်။

> **❖အောင်မြင်ရန် နောက်တစ်ကြိမ်ပြန်လည်ကြိုးစားရာတွင် ယခင်မှားခဲ့သောအမှားမျိုးကို ထပ်မံမမှားရန် အထူးသတိပြုရန်လိုအပ်သည်။ တစ်ပုံစံတည်းအခြေအနေမျိုးကြုံရမည်မဟုတ်သော်လည်း ဆင်တူသော မှားယွင်းမှုဖြစ်စေသည့်အချက်များကို ကြုံရနိုင်သည်။ ယခင်မှားယွင်းခဲ့သောအမှားမျိုးကိုဆင်ခြင်သုံးသပ်ပြီး ထပ်မံ၍ ဆင်တူအမှားမျိုးမကျူးလွန်မိစေရန်နှင့် မှားယွင်းမှုများကို အတွေ့အကြုံများအဖြစ်ခံယူပြီး မည်သို့ပိုကောင်းအောင်လုပ်မည်၊ မည်သို့မမှားအောင်လုပ်မည်ကို ဆင်ခြင်သုံးသပ်ပြီး ပြင်ဆင်ထိန်းသိမ်းမှုများ၊ လမ်းကြောင်းမှန်ရှာဖွေထားခြင်းများ ဆောင်ရွက်ထားရမည်ဖြစ်သည်။ ❖**

**မရမနေဆောင်ရွက်ခြင်းနှင့် ပြန်လည်ပြင်ဆင်ထူမတ်ခြင်း**

ချမ်းသာခြင်းကို လူတိုင်းနှစ်သက်ကြသည်။ ဆုတောင်းများတွင်ပင် ကျန်းမာပြီးလျှင် ချမ်းသာလိုကြသည်သာဖြစ်သည်။ လူချမ်းသာဖြစ်လာရန်အတွက် ကြိုးစားကြရာတွင် သာမန်မျှကြိုးစားရုံဖြင့်မရတတ်ပေ။ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပြီး လုပ်ဆောင်ရမည်။ မရမချင်း ကြိုးစားမည်ဟူသော စိတ်ကိုမွေးမြူရမည်။ လုပ်ငန်းကို တိုးတက်နိုင်သမျှ တိုးတက်အောင် ကြိုးစားမှုကို အတားအဆီးမှန်သမျှကို ကျော်လွှားနိုင်ရမည်။ ချမ်းသာလိုသည့်အတိုင်း အတာကိုသတ်မှတ်ပြီး ကျားကုတ်ကျားခဲကြိုးစားမည်ဟု သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ရမည်။ လဲနေလျှင် ထူပေးပါဆိုသကဲ့သို့ တစ်ခါရှုံးနိမ့်ရုံမျှဖြင့် ငွေကြေးချမ်းသာမှုနှင့်မလွဲနိုင်ပေ။ ပြန်လည်ပြင်ဆင်ထူမတ်ပေးခြင်း၊ တည့်မတ်ပေးခြင်းဖြင့် လမ်းမှန်ပေါ်သို့ ပြန်တင်ပေးနိုင်လျှင် ချမ်းသာကြွယ်ဝမှုကိုရရှိနိုင်သည်။ ငွေကြေးချမ်းသာမှုကို ရှာဖွေရာတွင် ရရမည်ဟူသောစိတ်ဓာတ်၊ အရှုံးနှင့်ရင်ဆိုင်ရသည့်အခါများတွင် ပြန်လည်ပြင်ဆင်တည့်မတ်ပေးခြင်းဖြင့် အောင်မြင်မှုကိုရရမည်ဟူသော စိတ်ဓာတ်များကို မွေးမြူထားရန်လိုအပ်သည်။ ပြန်လည်ဆင်ခြင်သုံးသပ်ပြီးနောက်တွင် ချမ်းသာကြွယ်ဝရန်အတွက် ယခင်က မလုပ်ခဲ့သည့်တိုးတက်နိုင်သည့်လုပ်ငန်းများကိုလည်းကောင်း၊ လုပ်ကိုင်ခဲ့သော်လည်း မှားယွင်းဆောင်ရွက်မိသည်များကိုလည်းကောင်း မှန်မှန်ကန်ကန် လုပ်ဆောင်သွားနိုင်ရန်လိုအပ်လှသည်။ အားသာချက်များကိုသာ ရယူရန်မဟုတ်ဘဲ အားနည်းချက်များကို ပြင်ဆင်ပြီး ပြန်လည်လုပ်ဆောင်နိုင်ရန်လည်းလိုအပ်လှသည်။

**ကောင်းစွာပြင်ဆင်ပါ**

ကြိုတင်ပြင်ဆင် အောင်ပွဲဝင်ဟု စာရေးသူတို့ ပြောလေ့ရှိသည်။ သို့သော် မည်သည့်ကိစ္စများကို ပြင်ဆင်လေ့ရှိပြီး မည်သည့်ကိစ္စများကို ပြင်ဆင်မှုမလုပ်ဖြစ်သလဲဟု ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်စေချင်သည်။ ကိစ္စအတော်များများကို ပြင်ဆင်မှုမရှိဘဲ လုပ်တတ်ကြသည်ကို တွေ့နိုင်သည်။ အဘယ်ကြောင့်ဆိုရမူ ပြင်ဆင်မှုလုပ်ကိုင်ရသည်မှာ အချိန်ပေးရသည်၊ ပင်ပန်းသည်၊ ခက်ခဲတတ်သည် စသည့်အကြောင်းများကြောင့် ကြိုတင်ပြင်ဆင်မှုကို လုပ်ကိုင်မှုနည်းတတ်သည်။ မည်သို့ဆိုစေကာမူ ချမ်းသာကြွယ်ဝလိုလျှင် ကြိုတင်စဉ်းစားပြီး ကြိုတင်ပြင်ဆင်ထားနိုင်မှသာ တော်ရုံကြသည်ကို တွေ့လာရမည်ဖြစ်သည်။ ထို့ကြောင့် မိမိလုပ်ကိုင်မည့်စီမံချက်များကို ကြိုတင်ပြင်ဆင်ပါ၊ ကြိုတင်စဉ်းစားဆင်ခြင်ပါ။ တွေးတောဆင်ခြင်ရန် မပျက်ကွက်ပါစေနှင့်ဟု ပြောလိုသည်။ ကြိုတင်ပြင်ဆင်ထားသူနှင့် ကြိုတင်ပြင်ဆင်မထားသူတို့ ယှဉ်ပြိုင်ရပြီဆိုပါက ကြိုတင်ပြင်ဆင်သူကသာ နိုင်စမြဲဖြစ်သည်။ ကြိုတင်ပြင်ဆင်ရာတွင် အားကောင်းစေရန်အတွက် လေ့လာဆည်းပူးရမည့် ကိစ္စများကိုလည်း ကြွဲကူးရေပါ လုပ်ကိုင်နေရန် လိုအပ်သည်။

ဆရာမပြ ငါးပိဖုတ်တောင်နည်းမကျဆိုသကဲ့သို့ လုပ်ငန်းအတော်များများမှာ အနီးကပ်ကြီးကြပ် စောင့်ရှောက်မည့် ဆရာရှိလျှင်၊ သင်ကြားပြသပေး၊ လမ်းညွှန်ပေးမည့်ဆရာရှိလျှင် လုပ်ငန်းများပိုမို၍ အောင်မြင်တတ်သည်။ အထူးသဖြင့် ချမ်းသာကြွယ်ဝလိုလျှင် ငွေကြေးအကြံပေးရှိနေရန် လိုအပ်သည်။ သင်တန်းများတက်ခြင်း၊ လေ့လာဆည်းပူးခြင်းနှင့် လေ့လာဆည်းပူးရန် စာဖတ်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီး မိမိနှင့်မိမိဝန်ထမ်းများ ဝမ်းစာပြည့်ရန် ကြိုတင်လုပ်ဆောင်ထားသင့်သည်။

ထို့ပြင် မိမိလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားရန်လိုအပ်သည်။ ငွေချမ်းသာရန် ငွေရှာနေချိန်တွင် ငွေကြေးစီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေစုဆောင်းမှုတို့ကို သေချာစွာစည်းမျဉ်းများချမှတ်ထားရန်လိုအပ်ပြီး အဆိုပါစည်းကမ်းများကိုလည်း ကိုယ်တိုင်က သေချာစွာလိုက်နာနေရန်လိုအပ်သည်။ လုပ်ငန်းလိုအပ်ချက်ကြောင့် ငွေချေးငှားပြီး လုပ်ကိုင်ရသည့်အခါမျိုးတွင် ချေးငွေပေးဆပ်မည့်အစီအစဉ်ကို အတိအကျလိုက်နာရန်လိုအပ်သည်။ သို့မှသာ ပိုလျှံသည့်ဝင်ငွေပေါ်မှ ချေးငွေကိုပေးဆပ်နိုင်ရန်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့ ပေးဆပ်နိုင်ခြင်းမရှိဘဲ ချေးငွေများပေါ်တွင် အတိုးများတက်လာပါက ပေးဆပ်နိုင်ရန် ပိုမိုခက်ခဲသွားမည်ဖြစ်သကဲ့သို့ နောက်နောင်တွင် ချေးငွေရယူနိုင်မည့် အခွင့်အရေးလည်း ဆုံးရှုံးမည်ဖြစ်သည်။ ထို့ပြင် မည်မျှဝင်ငွေနည်းပါးသည်ဖြစ်ပါစေ ငွေစုဆောင်းသည့်အလေ့အထကို မွေးမြူရန်နှင့် ငွေစုဆောင်းရန်လည်း လိုအပ်သည်။ သို့မှသာ အရေးပေါ်လိုအပ်ချိန်များတွင် အခြားသူများထံမှ ချေးငှားနေရန်မလိုဘဲ သုံးစွဲနိုင်မည့်ငွေကြေးရရှိနိုင်မည်ဖြစ်သည်။

ချမ်းသာစေရန် နောက်ထပ်တစ်ဖန် ကြိုးစားပါဟုပြောရာတွင် ပထမဦးဆုံးတည်ဆောက်ရမည့်အရာမှာ စိတ်ဓာတ်ပိုင်းတက်ကြွနေရန်နှင့် စိတ်ခွန်အားကြီးမားစေရန် လိုအပ်သည်ဟုပြောရမည်။ အဘယ်ကြောင့်ဆိုသော် ပထမအကြိမ် ကြိုးစားသော်လည်း ဆုံးရှုံးမှုများကြုံရသည့်အခါ စိတ်ဓာတ်ကျဆင်းမှုများကို မလွဲမသွေကြုံရသည်ဖြစ်၍ ပထမဆုံးပြန်လည်ရယူနိုင်ရေး၊ ထပ်မံကြိုးစားရေးမှာ စိတ်ဓာတ်ခွန်အားကြီးမားရန် အထူးလိုအပ်သည်။ အသစ်တစ်ဖန်မွေးဖွားလာသည့် စိတ်သစ်လူသစ်နှင့် ကြိုးစားချင်စိတ်အပြည့်ဖြင့် နောက်ထပ်တစ်ကြိမ်ကြိုးစားမည်၊ ရကိုရရမည်၊ ချမ်းကိုချမ်းသာရမည်ဟု စိတ်မွေးထားရန် အရေးကြီးသည်။

ချမ်းသာရန်အတွက် ပထမဦးဆုံးဆောင်ရွက်ရမည့်အလုပ်မှာ ကိုယ်ပိုင်လုပ်ငန်းတစ်ခုဖြစ်ရန်လိုအပ်သည်။ လုပ်ငန်းငယ်တစ်ခုဖြင့် စတင်နိုင်သည်။ ကြွေးဖြင့် စတင်ရတတ်သည်မျိုးရှိသည်ထက် ကိုယ်တတ်နိုင်သမျှဖြင့် ပြန်လည်စတင်ခြင်းက ပိုမိုသင့်တော်သည်။ မည်သို့ပင်ဆိုစေ လုံးဝမလှုပ်မိသည်ထက် ခြေလှမ်းနှေးခြင်းက ပိုမိုကောင်းမွန်ပါသည်ဟူသောစကားအတိုင်း စတင်ဖြစ်ရန်က အရေးကြီးသည်။ ထို့ကြောင့် စတင်ဖြစ်အောင်စတင်ပါ။ ချမ်းသာရမည်ဟူသော စိတ်ကိုမွေးမြူပါဟု တိုက်တွန်းလိုသည်။ လုပ်ငန်းစတင်ပြီး ဝင်ငွေရရှိလာသည်နှင့်တစ်ပြိုင်နက် စုဆောင်းခြင်းအလုပ်ကို မဖြစ်မနေလုပ်ကိုင်နိုင်ရန် အရေးကြီးသည်။ တတ်နိုင်သမျှ စုဆောင်းရမည်ဟုဆိုသည်။ ချမ်းသာခြင်းနှင့် စုဆောင်းခြင်းသည် ဒွန်တွဲနေသည်ဟုပင် ဆိုချင်သည်။ ရသမျှကို ပြန်သုံးခြင်းသည် ချမ်းသာခြင်းအတွက် မည်သို့မျှအထောက်အကူမဖြစ်တတ်ပါ။ မိမိဝင်ငွေသည် လောက်ငရုံသာရှိလျှင် လုပ်ငန်းတစ်ခုထပ်မံလုပ်မလား၊ တိုးချဲ့မလားဟု စဉ်းစားရမည်ဖြစ်သည်။

စာရေးသူတို့သည် တစ်ခါတစ်ရံတွင် အသက်ကြီးမြင့်နေသဖြင့် နောက်ထပ်တစ်ဖန်ကြိုးစားအားထုတ်ရမှုအတွက် စိတ်မပါတတ်ကြပေ။ အမေရိကန်ကဲ့သို့နိုင်ငံတွင် မီလျံနာများ၏ ပျမ်းမျှအသက်သည် ၆၁ နှစ်ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် အသစ်တစ်ဖန် ပြန်စတင်ရေးအတွက် အားမငယ်ရန်နှင့် လုပ်ငန်းငယ်သဖြင့် မချမ်းသာနိုင်ဟု ထင်မြင်မနေရန်လိုအပ်သည်။

မည်သို့ပင်ဖြစ်စေ စာရေးသူတို့သည် အောင်မြင်မှုများကိုကြုံရသကဲ့သို့ ဘဝတွင်ဆုံးရှုံးမှုများလည်း ကြုံရနိုင်သည်ဖြစ်သည်။ ဆုံးရှုံးမှုများကို ကြုံတွေ့ရသည့်အခါတွင် ပြန်လည်ရုန်းထနိုင်ရန်အတွက် စိတ်ဓာတ်ခွန်အားများမွေးမြူပြီး အောင်မြင်ချမ်းသာမှုများရရှိပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **AI အဖြေများနှင့် mint blog's How to become rich: Ten tips that you should apply from today.**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၁၀၂၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၁၀၂၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံ ၂၀၂၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၂၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံ ၂၀၂၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၀၂၁၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးစည်ဖောင်းခြောက်ပိဿာချိန် ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင် စတဲ့ငါးတွေကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိတဲ့ စည်ဖောင်းတွေကို စနစ်တကျသန့်စင် နေပူလှန်းအခြောက်ခံပြီး ရရှိတာဖြစ်ပါတယ်။ ဒီကနေ တင်ပို့ရောင်းချတဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး ဝယ်ယူမှုအားကောင်းခဲ့တာပါ။ ဘိုကလေးမြို့နယ်ကနေ ငါးစည်ဖောင်းခြောက်တွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များသည် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၂၅၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၇၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၃၇၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ စသည်ဖြင့် စည်ဖောင်းခြောက် အကြီးအသေးအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပညာဂုဏ်ရည် လှဝေစည်

- ပညာထိန်လင်း မှောင်ခွင်းသာယာ
  မှားမှန်ခွဲခြား ခမ်းနားဂုဏ်ရှိစွာ
  တန်ဖိုးတက်ကာ တန်ဆာလှပ
  ကြိုးစားနေ့စဉ် ပညာသင်
  စုံလင်အကျိုး ကြွယ်ဝသည်နှင့်လေး။

- များစွာသုတ လမ်းပြတန်ဆောင်
  စာပေသိမှတ် မြင့်မြတ်လူတို့ဘောင်
  မကောင်းမှုရှောင် ဂုဏ်ရောင်ပြည့်ဖြိုး
  မျိုးဆက်သစ်တွေ လှေ့လာစေ
  ဖြန့်ဝေလက်ကမ်း အုပ်မိုးသည်နှင့်လေး။

- တိုင်းပြည်ကောင်းကျိုး မညှိုးလှကြွယ်
  ပညာတတ်များ တိုးပွားများဖို့ရယ်
  လောကအလယ် သိဖွယ်ကျက်မှတ်
  မပျင်းပညာ ရတနာ
  သင်ကာဆည်းပူး မွန်မြတ်သည်နှင့်လေး။

- ယဉ်ကျေးစိတ်ဓာတ် ကျင့်ဝတ်ပြည့်စုံ
  ပညာ၏လမ်း ဖြောင့်တန်းထူးခြားဂုဏ်
  သုခကုံလုံ ဖူလုံစင်စစ်
  ပညာဂုဏ်ရည် လှဝေစည်
  လှမ်းချီအမြဲ ထုဆစ်သည်နှင့်လေး။
- လှသစ်ဝေဖြာ စဉ်သာရှိတော့မည်။
- ဘဝမနစ်စေရာ ပြင်ကာသိတော့သည်။ ။

**မောင်မျိုးချစ်(အညာမြေ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းပဋိပက္ခနှင့် စွမ်းအင်ဈေးနှုန်း ပြဿနာများအတွက် မိမိနှင့်ဒေါ်နယ်ထရန့် ဆွေးနွေးရန်လိုမည်ဟု ရုရှားသမ္မတပြောကြား



**မော်စကို ဇန်နဝါရီ ၂၅**

ယူကရိန်းပဋိပက္ခ၊ စွမ်းအင်ဈေးနှုန်းပြဿနာများနှင့်ပတ်သက်၍ မိမိနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း ရုရှားသမ္မတ ပူတင်က ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခနှင့်စွမ်းအင်ဈေးနှုန်းပြဿနာသည် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး ငါးရက်တာကာလအတွင်း အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့် မကြာခဏမီးမောင်းထိုးပြခဲ့သော ပြဿနာနှစ်ရပ်ဖြစ်သည်။

သို့ဖြစ်ရာ ယူကရိန်းပြဿနာ၊ စွမ်းအင်ဈေးနှုန်း ပြဿနာများနှင့်ပတ်သက်၍ မိမိနှင့် သမ္မတ ဒေါ်နယ်ထရန့်တို့ကြား တွေ့ဆုံဆွေးနွေးရန် လိုလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ရုရှားအစိုးရ ရုပ်သံဌာနများသို့ ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် ယင်းသို့ တွေ့ဆုံဆွေးနွေးရေးအတွက် ရုရှားနိုင်ငံက အသင့်ရှိပြီး ဆွေးနွေးပွဲဖြစ်၊ မဖြစ်မှာ အမေရိကန်အစိုးရ၏ ရွေးချယ်မှုအပေါ် မူတည်ကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခကိုအဆုံးသတ်နိုင်ရေးအတွက် ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးရန် ၎င်းအနေဖြင့်ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း ပြောကြားထားပြီးဖြစ်သည်။

အမေရိကန်သမ္မတရာထူးရယူပြီးချိန်တွင် ယူကရိန်းပဋိပက္ခကို အမြန်ဆုံးအဆုံးသတ်ပေးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီကာလကပင် ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယအနောက်ပိုင်း၌ ခဲယမ်းမီးကျောက်စက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူ ရှစ်ဦးသေဆုံး

**ဒေလီ ဇန်နဝါရီ ၂၅**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်တြပြည်နယ်၌ ဇန်နဝါရီ ၂၄ ရက်က ခဲယမ်းမီးကျောက်စက်ရုံတစ်ရုံပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခဲယမ်းမီးကျောက် စက်ရုံ ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူပေါင်းရှစ်ဦး သေဆုံးခဲ့ရပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခဲယမ်းမီးကျောက်စက်ရုံသည် ဘန်ဒါရာခရိုင်၌တည်ရှိပြီး ဒုံးကျည်လောင်စာနှင့်ဖောက်ခွဲရေးပစ္စည်းများ အဓိကထုတ်လုပ်သည့်စက်ရုံဖြစ်သည်။

ပေါက်ကွဲမှုကြောင့် ခဲယမ်းမီးကျောက်စက်ရုံ၏ အမိုးပြိုကျခဲ့ပြီး အလုပ်သမား ၁၄ ဦးမှ ၁၅ ဦးထိ ပိတ်မိနေဆဲဖြစ်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အပျက်အစီးများအောက် ပိတ်မိနေသူများကို ကယ်ထုတ်ရေးအတွက် ရှာဖွေကယ်ဆယ်ရေး သမားများက ကြိုးပမ်းနေကြဆဲဖြစ်သည်။

ခဲယမ်းမီးကျောက်စက်ရုံပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နှစ်ကူး အားလပ်ရက်ကာလအတွင်း တရုတ်နိုင်ငံ၌ ပြည်တွင်းခရီးစဉ် ကိုးဘီလီယံထိရှိနိုင်

**ပေကျင်း ဇန်နဝါရီ ၂၅**

တရုတ်နိုင်ငံ၌ နှစ်သစ်ကူးကာလပြည်တွင်းခရီးစဉ်များ စတင်နေကြပြီးဖြစ်ရာ လာမည့်ရက်အနည်းငယ်အတွင်း ပြည်တွင်းခရီးစဉ်အရေအတွက်မှာ ဘီလီယံနှင့်ချီရှိလာနိုင်ကြောင်း ဇန်နဝါရီ ၂၄ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရက် ၄၀ ကြာမြင့်မည့် တရုတ်နှစ်သစ်ကူးကာလကို ကမ္ဘာ့အကြီးမားဆုံးလူအများရွှေ့ပြောင်းထွက်ခွာမှုကာလအဖြစ် နိုင်ငံတကာက သတ်မှတ်ထားသည်။

နှစ်သစ်ကူးကာလ ပြည်တွင်းခရီးစဉ်အများအပြားမှာ ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ကြရာ ယခုရက်သတ္တပတ်ကုန်ရက်တွင် ပြည်တွင်းခရီးစဉ်အရေအတွက် ကိုးဘီလီယံထိ အမြင့်ဆုံးသို့ရောက်ရှိလာနိုင်ကြောင်း တရုတ်တာဝန်ရှိသူများက ခန့်မှန်းထားသည်။



အဆိုပါ ပြည်တွင်းခရီးစဉ် ကိုးဘီလီယံအနက် သန်း ၅၁၀မှာ ရထားခရီးစဉ်များဖြစ်ကြပြီး သန်း ၉၀မှာ လေကြောင်းခရီးစဉ်များဖြစ်ကြကြောင်း သိရသည်။

ယခုနှစ် တရုတ်နှစ်သစ်ကူးကာလ တရုတ်ပြည်တွင်းခရီးစဉ်များအနက် အများစုမှာ မော်တော်ယာဉ်ခရီးစဉ်များဖြစ်ကြလိမ့်မည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ခန့်မှန်းထားသည်။

တရုတ်ရိုးရာ တိရစ္ဆာန်ပုံပြပြက္ခဒိန်အရ ယခုနှစ်သည် မြွေနှစ်ဖြစ်ပြီး နှစ်ကူးကာလမှာ ဇန်နဝါရီ ၂၂ ရက်ကပင် တရားဝင်စတင်ကျရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မက္ကဆီကိုပင်လယ်ကွေ့ကို အမေရိကပင်လယ်ကွေ့အဖြစ် ဒေါ်နယ်ထရန့်အစိုးရအဖွဲ့ အမည်ပြောင်းလဲ



**ဝါရှင်တန် ဇန်နဝါရီ ၂၅**

မက္ကဆီကိုပင်လယ်ကွေ့ဒေသကို အမေရိကပင်လယ်ကွေ့ဒေသဟူ၍ တရားဝင် အမည်ပြောင်းလိုက်ပြီဖြစ်ကြောင်း အမေရိကန်ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့မှာပင် မက္ကဆီကိုပင်လယ်ကွေ့ကို အမေရိကပင်လယ်ကွေ့အဖြစ် အမည်ပြောင်းရန် ညွှန်ကြားထားခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရန့်၏ ညွှန်ကြားချက်အရ မက္ကဆီကိုပင်လယ်ကွေ့၏အမည်မှာ အမေရိကပင်လယ်ကွေ့အဖြစ်တရားဝင်ဖြစ်လာမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဒေါ်နယ်ထရန့် အစိုးရသစ်သည် အလက်စကာပြည်နယ်ရှိ ဒီနာလီတောင်ကိုလည်း မက္ကင်းလေးတောင်ဟူ၍ အမည်သစ်ပြောင်းထားသည်။

ဒေါ်နယ်ထရန့် အစိုးရသည် အမေရိကန်သမ္မတ ဝီလျံမက္ကင်းလေးကို ဂုဏ်ပြုသည့်အနေဖြင့် ဒီနာလီတောင်ကို မက္ကင်းလေးတောင်အဖြစ် အမည်ပြောင်းထားခြင်းဖြစ်သည်။

၁၈၉၇ ခုနှစ်မှ ၁၉၀၁ခုနှစ်ထိ ၂၅ ဦးမြောက် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဝီလျံမက္ကင်းလေးသည် အမေရိကန်နယ်ချဲ့ဝါဒခေတ်ကို ဦးဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂျီဂျူလေကြောင်းလိုင်းခရီးသည်တင်လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးမှုပဏာမအစီရင်ခံစာ တောင်ကိုရီးယားအစိုးရထုတ်ပြန်မည်

**ဆိုးလ် ဇန်နဝါရီ ၂၅**

ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ပျက်ကျမှု စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ် ပဏာမအစီရင်ခံစာကို တောင်ကိုရီးယားအစိုးရက ဇန်နဝါရီ ၂၇ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်သည် ဒီဇင်ဘာ ၂၉ ရက်တွင် တောင်ကိုရီးယားနိုင်ငံ မူအန်လေဆိပ်သို့ အဆင်း ပေါက်ကွဲမီးလောင်ခဲ့ရာ လိုက်ပါလာသူ ၁၈၁ ဦးအနက် ၁၇၉ ဦး သေဆုံးခဲ့ရသည်။

အဆိုပါလေယာဉ်မတော်တဆမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် နှစ်ပေါင်း ၃၀အတွင်း အသေအပျောက်အများဆုံး လေကြောင်း မတော်တဆမှုတစ်ရပ်ဖြစ်ခဲ့ရသည်။

ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်သည် မူအန်လေဆိပ်သို့ ဆင်းသက်ရာတွင် လေယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် လေယာဉ်မပျက်ကျမီ ၄ကျအုပ်ဖြင့် ဝင်တိုက်ခဲ့ခြင်း ရှိ၊ မရှိလည်းပါဝင်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ဝမ်းဗိုက်ဖြင့်ဆင်းသက်ခဲ့ရပြီး ပြေးလမ်းအလွန်ရှိ ကွန်ကရစ်စည်းရိုးတစ်ခုကို ဝင်တိုက်ခဲ့ပြီးနောက် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်မတော်တဆမှုကို တောင်ကိုရီးယား၊ အမေရိကန်နှင့် ပြင်သစ်ကျွမ်းကျင်သူများ ပူးပေါင်းစုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့



**ပေကျင်း ဇန်နဝါရီ ၂၅**

ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇန်နဝါရီ ၂၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အထက်ပါ ဂြိုဟ်တုသည် ကမ္ဘာပတ် လမ်းကြောင်းပေါ်၌ ဆက်သွယ်ရေးနည်းပညာသစ်များကို စမ်းသပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီ ၂၃ ရက် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံမစ်ရှင်သည် တရုတ်နိုင်ငံအတွက် ယခုနှစ်၏ တတိယမြောက် မစ်ရှင်ဖြစ်ပြီး လောင်းမတ်ချ်ဒုံးပျံများ၏ ၅၅၈ ကြိမ်မြောက် မစ်ရှင်ဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၀၀ ခန့်ထိ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## သက်မဲ့ကြယ်စုတစ်စုထံမှပေါ်ထွက်လာသည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများကို အမေရိကန်သိပ္ပံပညာရှင်များ ထောက်လှမ်းတွေ့ရှိထား

**အော့တဝါ ဇန်နဝါရီ ၂၅**

သက်မဲ့ကြယ်စုတစ်စုထံမှ ပေါ်ထွက်လာသည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများကို အမေရိကန်သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် အဆိုပါရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများမှာ စွမ်းအင်ကုန်ခန်းနေသော သက်မဲ့ကြယ်စုတစ်စုထံမှ ပေါ်ထွက်လာမှုကြောင့် အံ့အားသင့်ဖွယ် ကောင်းနေကြောင်း ကနေဒါနိုင်ငံ မက်ဂျီးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် FRB 2024 0209 အေဟူ၍ အမည်ပေးထားသည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများကို ကမ္ဘာမြေနှင့်အလင်းနှစ် နှစ်ဘီလီယံအကွာတွင် တည်ရှိသောသက်မဲ့ကြယ်စုတစ်စုအနီး ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။



ရေဒီယိုစွမ်းအင် ပေါက်ကွဲမှုများသည် သာမန်အားဖြင့် သံလိုက်စက်ကွင်းအင်အား လွန်စွာပြင်းထန်သော သက်တမ်းနုနျူထရွန်ကြယ်များနှင့်ဆက်စပ်နေတတ်သည်။

သို့ရာတွင် FRB 2024 0209 ရေဒီယိုစွမ်းအင် ပေါက်ကွဲမှုများကို သက်တမ်းရင့်ကြယ်များနှင့် ကြယ်သေများသာရှိနေသောသက်မဲ့ကြယ်စုတစ်စုအနီး တွေ့ရှိထားခြင်းဖြစ်ကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းကြယ်စုမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၁ ဒသမ ၃ ဘီလီယံထိရှိပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင်ကုမ္ပဏီက New Shepard ဒုံးပျံကို လာမည့်သီတင်းပတ်အတွင်း လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံကို လာမည့်သီတင်းပတ်အတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၄ ရက်သတင်းများအရ သိရသည်။

အဆိုပါ New Shepard ဒုံးပျံကို ဇန်နဝါရီ ၂၈ ရက်တွင် တက္ကဆက်ပြည်နယ် အနောက်ပိုင်းမှ တစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ပုဂ္ဂလိကအာကာသခရီးသည်များလိုက်ပါမှုမရှိသည့် အထက်ပါမစ်ရှင်အတွင်း New Shepard ဒုံးပျံသည် ကမ္ဘာ့လေထုလွှာနှင့် အာကာသဟင်းလင်းပြင်အနားစပ်တွင် လဆွဲအားအခြေအနေကို စမ်းသပ် ဖန်တီးမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင် ကုမ္ပဏီက သတင်း ထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၈ ရက် မစ်ရှင်သည် New Shepard ဒုံးပျံများ၏ ၂၉ ကြိမ်မြောက် မစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင်အတွင်း New Shepard ဒုံးပျံသည် လကမ္ဘာဒြပ်ဆွဲအားအခြေအနေကို နှစ်မိနစ်ကြာမျှ ဖန်တီးမည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် New Shepard ဒုံးပျံသည် ဒုံးကန်အားစနစ်များကိုသုံး၍ တစ်မိနစ်လျှင် ပတ်ရေ ၁၁ ပတ်နှုန်း မွှတ်မွှတ်လည်ခြင်းဖြင့် လဒြပ်ဆွဲအားကို ဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ပလတ်စတစ်အမှုန်အမွှားများကြောင့် ဦးနှောက်အတွင်း သွေးခဲများပေါ်ထွက်လာနိုင်

**ပေကျင်း ဇန်နဝါရီ ၂၅**

အစားအစာ၊ရေနှင့်လေထုလွှာအတွင်းရှိ ပလတ်စတစ်အမှုန်အမွှားများကြောင့် ဦးနှောက်အတွင်း သွေးခဲများ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ပလတ်စတစ် အမှုန်အမွှားများကြောင့် ဦးနှောက်အတွင်း သွေးခဲများပေါ်လာချိန်တွင် လေဖြတ်နိုင်ခြေနှင့် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ မြင့်မားလာနိုင်သည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထို့ပြင် ပလတ်စတစ်အမှုန်အမွှားများကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း ပီကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျဝေဒနာကဲ့သို့ အာရုံနာ့ဗ်ဆဲလ်ပြဿနာများ၊ နှလုံးသွေးကြောဆိုင်ရာ ပြဿနာများနှင့် ပလတ်စတစ်အမှုန်အမွှားများကြား ဆက်စပ်မှုမှာ စိုးရိမ်ရဖွယ်အနေအထားဖြစ်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ပလတ်စတစ်အမှုန်အမွှားများသည် လူ့ဦးနှောက်အတွင်းသို့ သွေးလည်ပတ်မှုစနစ်မှ တစ်ဆင့် ရောက်ရှိသွားတတ်ကြောင်း နိုင်ငံတကာ ဆေးပညာရှင်များက တွေ့ရှိခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ၎င်းပလတ်စတစ်အမှုန်အမွှားများ၏ ဦးနှောက်အပေါ် ဆိုးကျိုးသက်ရောက်ပုံကို ဆေးပညာရှင်များအနေဖြင့် တိတိကျကျ ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Nimi Diet ဓာတ်စာပုံစံတစ်မျိုးက နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် ဇန်နဝါရီ ၂၅**

Nimi Diet ခေါ် ဓာတ်စာပုံစံတစ်မျိုးသည် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်ပြီး ကိုယ်အလေးချိန်ကို လျှော့ချရာတွင်လည်း အထောက်အကူပြုနိုင်ကြောင်း သုတေသန ပညာရှင်များက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

Nimi Diet ဓာတ်စာသည် ရှေးဦးလူများ၏စားပုံသောက်ပုံကို အခြေခံ၍ ဗြိတိန်သုတေသနပညာရှင်များက ဖန်တီးထားသော ဓာတ်စာပုံစံဖြစ်ကြောင်း သိရသည်။

Nimi Diet ဓာတ်စာတွင် အမျှင်ဓာတ်ကြွယ်ဝသည့် ဟင်းသီးဟင်းရွက်နှင့်ပဲအမျိုးမျိုး အဓိကထည့်သွင်းထားပြီး ဆယ်လ်မွန်ငါးနှင့်ကြက်သားကဲ့သို့ တိရစ္ဆာန်ပရိုတင်းများကိုလည်း အနည်းငယ်ထည့်သွင်းထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် Nimi Diet ဓာတ်စာသည် သွေးအတွင်း ဆိုးကျိုးပြုကိုလက်စထရောပါဝင်မှုအဆင့်ကို ၁၇ ရာခိုင်နှုန်းလျှော့ချနိုင်ပြီး သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှင့် C-Reactive ပရိုတင်းခေါ် ပရိုတင်းတစ်မျိုးပါဝင်မှုနှုန်းများကိုလည်း ခြောက်ရာခိုင်နှုန်းစီ လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အထက်ပါဂုဏ်သတ္တိများအရ Nimi Diet ဓာတ်စာသည် နာတာရှည်ရောဂါများ ဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO





## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရရှိ



ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၂၇မိနစ်တွင် ပင်နယ်တီမှတစ်ဆင့်ရန်ကျော်ထွေးက ရန်ကုန်ယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၃၈ မိနစ်တွင်လည်း ရန်ကျော်ထွေးကပင် ဒုတိယ ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း ရန်ကုန် ယူနိုက်တက်အသင်းကပင် ဆက်လက် ဖိအားပေးကစားနိုင်ခဲ့ကာ ရခိုင်ယူနိုက်တက်အသင်းက ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့ရပြီး ပွဲချိန် ၆၇မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၇၃မိနစ်တွင် ဥက္ကာနိုင်၊ ပွဲချိန် ၇၉ မိနစ်တွင် အောင်မျိုးခန့်တို့က ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက် သွင်းယူနိုင်ခဲ့သည့်အတွက် ရန်ကုန်ယူနိုက်တက် အသင်းက ငါးဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဟက်ထရစ် သွင်းဂိုး သွင်းယူပေးနိုင်ခဲ့သည့် ရန်ကျော်ထွေးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များ ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင်ကစား

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကိုယနေ့နံနက် ၈နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumတွင် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈နာရီခွဲတွင် Gold Dream FC အသင်းနှင့် 7BrotherFC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Gold Dream FCအသင်းက နှစ်ဂိုး တစ်ဂိုး၊ နံနက် ၁၀နာရီတွင် Black Cross FCအသင်းနှင့်Let Wel Thone Nara အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး နံနက် ၁၁နာရီခွဲတွင် KKY FC အသင်းနှင့်Shwe Pyi Thar United အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ KKY FCအသင်းက ကိုးဂိုး လေးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီတွင် Maryar FCအသင်းနှင့် Pacific Sun Far FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂နာရီခွဲတွင် YCDC Marga Youth FCအသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာTG United အသင်းက လေးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး ညနေ ၄နာရီတွင် JZ Yangon FCအသင်းနှင့် 7Dragon FCအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ၇၀၀ ပြည့်မြောက်သည့် နည်းပြအဖြစ် မိုယက်စ်မှတ်တမ်းဝင်

လန်ဒန် ဇန်နဝါရီ ၂၅

အဲဗာတန်အသင်းက စပါး အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အဲဗာတန် အသင်းနည်းပြမိုယက်စ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲ ၇၀၀ ပြည့်မြောက်သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြမိုယက်စ်သည် ၂၀၀၂ ခုနှစ်မှစတင်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဲဗာတန်အသင်းကို စတင်တာဝန်ယူခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မန်ယူအသင်း၊ ၂၀၁၆ ခုနှစ်တွင် ဆန်းဒါးလန်းအသင်း၊ ၂၀၁၇ ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းတို့ကို တာဝန်ယူခဲ့ပြီးနောက် ယခုအခါ အဲဗာတန်အသင်းကို ပြန်လည် တာဝန်ယူခဲ့ရာ စပါးအသင်းကို အနိုင်ရခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲ ၇၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အာဆင်နယ်အသင်း နည်းပြဟောင်း အာစင်ဝင်းဂါးက ပွဲပေါင်း ၈၂၈ ပွဲဖြင့် ပထမ၊ မန်ယူအသင်း နည်းပြဟောင်း ဖာဂူဆန်က ပွဲပေါင်း ၈၁၀ ဖြင့် ဒုတိယ ၊ နည်းပြမိုယက်စ်က ပွဲပေါင်း ၇၀၀ ပြည့်ဖြင့် တတိယ မြောက် ပွဲအများဆုံး ကိုင်တွယ်သည့်နည်းပြဖြစ်လာခဲ့သည်။

ထို့ပြင် အသက် ၆၁ နှစ်ရှိ နည်းပြမိုယက်စ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသက်အကြီးဆုံး နည်းပြအဖြစ် ရပ်တည်နေပြီး အသက် ၃၁ နှစ်ရှိ ဘရိုက်တန်အသင်းနည်းပြ ဟာဇီလာက အသက်အငယ်ဆုံး နည်းပြအဖြစ် ရပ်တည်လျက်ရှိသည်။



လက်ရှိတွင် အဲဗာတန်အသင်းသည် အမှတ်ပေးပြိုင်ပွဲ၂၁ ပွဲကစားအပြီးတွင် ရမှတ် ၂၀ ဖြင့် အမှတ်ပေးဇယားအဆင့်(၂၀) နေရာတွင် ရပ်တည်နေပြီး တန်းဆင်းဇုန်မှ အစ်ဝှစ်အသင်းနှင့် ရမှတ်လေးမှတ် သာကွာဟနေသဖြင့် တန်းဆင်းဇုန် အန္တရာယ်တွင် ကျရောက်နေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဩစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲချန်ပီယံဆုကို မက်ဒီဆင်ကီး ဆွတ်ခူး

မဲလ်ဘုန်း ဇန်နဝါရီ ၂၅

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်အဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန် တင်းနစ်မယ် မက်ဒီဆင်ကီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဒီဆင်ကီးက (၆-၃ ၊ ၂-၆ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာသည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သလို ဗိုလ်လုပွဲစဉ်တွင်လည်း အကောင်းဆုံးကစားနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်၏ ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယ ပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်ပြန်လည်အနိုင်ရရှိခဲ့ပြီး ချန်ပီယံအဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယ ပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် အကြိတ်အနယ်ရှိခဲ့ပြီး tie-break အဆင့်ထိ ကစားခဲ့ရကာ မက်ဒီဆင်ကီးက ထင်မှတ်မထားသည့် စွမ်းဆောင်ရည်မျိုးပြသကာ အနိုင်ရရှိခဲ့ပြီး ကစားသမားဘဝ၏ ပထမဆုံးသော ဂရန်းစလန်းချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

မက်ဒီဆင်ကီးသည် ၂၀၁၅ ခုနှစ်တွင် အသက် ၁၉ နှစ်အရွယ်ဖြင့် ဩစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့ပြီး ယင်းနောက်ပိုင်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ၁၀ နှစ်အကြာတွင် ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး အသက် ၂၉ နှစ်အရွယ်ရှိနေပြီဖြစ်သည့် မက်ဒီဆင်ကီးသည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် စတုတ္ထမြောက် အသက်အကြီးဆုံး တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# နာအိုယာက အလဲထိုးရလဒ်ဖြင့် IBF၊ WBC ၊ WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့

လန်ဒန် ဇန်နဝါရီ ၂၅

IBF၊ WBC ၊ WBO စူပါဘင်တန်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဂျပန်လက်ဝှေ့သမား နာအိုယာနှင့် စိန်ခေါ်သူတောင်ကိုရီးယားနိုင်ငံသားယီဂျွန်ကင်မ်တို့ ဇန်နဝါရီ ၂၄ရက်တွင် ဂျပန်နိုင်ငံ ကိုတိုကူမြို့တွင် ထိုးသတ်ခဲ့ရာ နာအိုယာက အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုများအား ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုယာသည် စတုတ္ထမြောက် အချီတွင် ယီဂျွန်ကင်မ်အား ပြန်မထနိုင်အောင် အလဲထိုးနိုင်ခဲ့ခြင်း ဖြစ်ပြီး စူပါဘင်တန်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံတစ်ယောက်ဖြစ်ကြောင်းကို ပြသနိုင်ခဲ့သည်။

ယီဂျွန်ကင်မ်သည် နာအိုယာနှင့် တစ်ကြိမ်မျှထိုးသတ်ခဲ့ဖူးခြင်း မရှိသေးဘဲ ဩစတြေးလျလက်ဝှေ့သမား ဂွတ်မန်းနေရာတွင် အစားထိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မထိုးသတ်မီက နာအိုယာသည် ၎င်းလို ပြိုင်ဘက်မျိုးဖြင့် မတွေ့သေးသည့်အတွက်ကြောင့် နိုင်ပွဲဆက်နေခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ကြိုးဝိုင်းအတွင်း၌ နာအိုယာကယီဂျွန်ကင်မ်အား တစ်ဖက်သတ် ဖိအားပေးထိုးသတ်နိုင်ခဲ့သလို လယ်ဗယ် ကွာဟနေသေးကြောင်းကို ပြသနိုင်ခဲ့သည်။

နာအိုယာသည်လည်း ယီဂျွန်ကင်မ်နှင့် ထိုးသတ်ခဲ့ဖူးခြင်းမရှိသည့်အတွက် ပြိုင်ဘက်လက်ဝှေ့သမားအားရင်ဆိုင်ရမည့် Game Plan ကိုပြင်ဆင်လာခြင်း မရှိသော်လည်း ကြိုးဝိုင်းအတွင်း ရင်ဆိုင်ရမည့် အခြေအနေအပေါ် မူတည်၍ ထိုးသတ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်လက်ဝှေ့သမားနာအိုယာက "ပြိုင်ဘက်ကစားသမားရဲ့ စိန်ခေါ်ပွဲတွေမကြည့်ဖူးသလို သူ့ရဲ့ ထိုးပေါက်တွေကိုလဲ မလေ့လာဖူးဘူး။ ဒါကြောင့် ကြိုးဝိုင်းထဲရောက်မှပဲ ရင်ဆိုင်ရတဲ့အခြေအနေပေါ် မူတည်ပြီး ထိုးသတ်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ Game Planတွေဘာတွေမပြင်ဘဲ စိန်ခေါ်ပွဲထိုးသတ်ခဲ့တာပါ။ အကောင်းဆုံးလုပ်ပြနိုင်ခဲ့လို့ ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ဟိုက်ပါဆောနစ် ဒုံးကျည်သစ်၏ နောက်ဆုံးစမ်းသပ်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့



တရုတ်နိုင်ငံသည် အမေရိကန်၏ B-21 ဗုံးကြဲလေယာဉ်ကို တိုက်ခိုက်နိုင်မည့် ဟိုက်ပါဆောနစ် အသံလွန်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်သစ်၏ နောက်ဆုံးစမ်းသပ်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဟိုက်ပါဆောနစ်လက်နက်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ၏ တင်းကျပ်သော စံနှုန်းများနှင့်အညီ ပြင်းထန်သော အပူဒဏ်ခံနိုင်သော စမ်းသပ်မှုများကို လုပ်ဆောင်ခဲ့ကြောင်း အဆိုပါစီမံကိန်းတွင် ပါဝင်သောသိပ္ပံပညာရှင်များကိုကိုးကား၍ South China Morning Post သတင်းဌာနက ဖော်ပြခဲ့သည်။

အပူလွန်ကဲသော ပတ်ဝန်းကျင်အခြေအနေမျိုးပုံစံဖန်တီး၍ စမ်းသပ်မှုများပြုလုပ်နိုင်မည့် လေပူစီးကြောင်းများနှင့် မြန်နှုန်းမြင့် အလျင်နှုန်းဖြင့် သွားလာနိုင်သည့် Arc-Heated Wind Tunnel လိုဏ်ခေါင်းကြီးတစ်ခုအတွင်း စမ်းသပ်ခဲ့ခြင်းလည်းဖြစ်သည်။

ဓာတ်ငွေ့ကို လျှပ်စစ်မီးဖိုဖြင့် အပူပေးခြင်းဖြင့် ဤဥမင်လိုဏ်ခေါင်းသည် ဒီဂရီစင်တီဂရိတ် ထောင်ပေါင်းများစွာမှ သောင်းနှင့်ချီ၍ လေပူများကို ထုတ်လွှတ်ပေးနိုင်သည်ဟု စီမံကိန်းခေါင်းဆောင် Cheng Gong နှင့် China Airborne Missile အကယ်ဒမီမှ Huang Yimin တို့က ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းတို့သည် နောက်ဆုံးစမ်းသပ်မှု၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပြီး အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်ဆင်းသက်ခြင်းကို ပုံဖော်ခြင်းအပါအဝင် Arc-Heated Wind Tunnel လိုဏ်ခေါင်းသည် စိန်ခေါ်မှုအရှိဆုံး မစ်ရှင်များအတွက် သီးသန့် ဖန်တီးထားခြင်းလည်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ကြကြောင်း သိရသည်။

အသံထက်မြန်သည့် ဟိုက်ပါဆောနစ် ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်စမ်းသပ်မှုဆိုင်ရာအစီရင်ခံစာသည် အဆိုပါလက်နက်မျိုး ပိုင်ဆိုင်ထားကြောင်း ပထမဆုံးအကြိမ် တရားဝင် အတည်ပြုချက်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံသည် အမေရိကန်လေတပ်၏ အဆင့်မြင့် B-21 ဗုံးကြဲလေယာဉ်ကို ပစ်မှတ်ထား တိုက်ခိုက်နိုင်သော AI စနစ်သုံးအသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်ကို တီထွင်နိုင်ခဲ့သည်ဟု အခိုင်အမာ ပြောဆိုခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ Northwestern Polytechnical University မှ တွဲဖက်ပါမောက္ခ Chen Jun ဦးဆောင်သော သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် ကိုယ်ပျောက်ဗုံးကြဲလေယာဉ်ကိုအနိုင်ယူရန် ခက်ခဲနိုင်ကြောင်း အသိအမှတ်ပြုခဲ့သော်လည်း တရုတ်နိုင်ငံ၏ သဏ္ဍာန်တူစမ်းသပ်မှုများတွင် အာကာသအနီး သို့မဟုတ် အမြင့်ကီလိုမီတာ ၁၀၀ အထက်မှ လွှတ်တင်သည့် ထိပ်ဖူးများကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်ဟု ထောက်ပြထားကြောင်း သိရသည်။

ဤအဆိုအတိုင်းမှန်ကန်ခဲ့ပါက တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA)သည် ကမ္ဘာ၏လေထုအနီးရှိ အရာဝတ္ထုများ အသံထက်မြန်သော အရှိန်ဖြင့် သွားလာရသောအခါ ဆက်သွယ်ရေးခက်ခဲသော ကြုံတွေ့ရမည့်နည်းပညာဆိုင်ရာစိန်ခေါ်မှုကို ကျော်လွှားနိုင်ခဲ့သည်ကို ဖော်ပြနေခြင်းလည်းဖြစ်သည်။ ဟိုက်ပါဆောနစ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်၏ အောင်မြင်စွာအပြီးသတ် စမ်းသပ်နိုင်ခဲ့မှုသည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA)ကို ကနဦးထုတ်လုပ်ခြင်းနှင့် ဖြန့်ကြက်အသုံးပြုခြင်းအတွက် လမ်းဖွင့်ပေးလိုက်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**China Says Conducted Final Test of Secretive Hypersonic Air-to-Air Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## Aero Vironment ကုမ္ပဏီက တိုက်ခိုက်ရေးဒရုန်းများလွှဲပြောင်းပေးအပ်နိုင်ရန် အမေရိကန်ကြည်းတပ်နှင့် စာချုပ်ချုပ်ဆို



Aero Vironment ကုမ္ပဏီသည် အမေရိကန်ကြည်းတပ်၏ Directed Requirement for Lethal Unmanned Systems (LUS) မောင်းသူမဲ့စနစ်များ လိုအပ်ချက်အတွက် တစ်စိတ်တစ်ပိုင်းအဖြစ် Switchblade တိုက်ခိုက်ရေးဒရုန်းများ လွှဲပြောင်းပေးအပ်နိုင်ရန် အမေရိကန် ကြည်းတပ်နှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၃ သန်းတန် အဆိုပါဝယ်ယူရေးသဘောတူစာချုပ်သည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် Aero Vironment ကုမ္ပဏီကိုပေးအပ်ခဲ့သည့် ငါးနှစ်စာချုပ်၏ ဒုတိယမြောက် ဝယ်ယူရေးအမှာစာဖြစ်ပြီး ကနဦးကြမ်းခင်းဈေးမှာ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ထိရှိသည်။

LUS မောင်းသူမဲ့စနစ်များ လိုအပ်ချက်သည် သံချပ်ကာယာဉ်များနှင့် တင့်ကားများကဲ့သို့သော အခိုင်အမာရန်သူ့ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်ရန်၊ ခြေလျင်၊ ခြေမြန်တပ်သားများ၏ စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးရန်အတွက် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။ ၎င်းခြေလျင်၊ ခြေမြန်တပ်သားများကို အမေရိကန်ကြည်းတပ်က မြင်းသည်တော်များဟု တင်စားခေါ်ဝေါ်သုံးနှုန်းလေ့ရှိပြီး လက်ရှိခေတ်တွင် အဆင့်မြင့်နည်းပညာသုံး တစ်ကိုယ်ရေသုံးစစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးရန်အတွက် ခံစစ်နှင့်ထိုးစစ်နှစ်ခုစလုံးအတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

သဘောတူစာချုပ်တွင် Switchblade 300 နှင့် 600 Man-portable Loitering Munition တစ်ကိုယ်ရေ အလွယ်တကူသယ်ဆောင်တိုက်ပွဲဝင်နိုင်မည့် တိုက်ခိုက်ရေးဒရုန်းများ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်မတော်၏ ကုန်ကျစရိတ်သက်သာသည့် တိုက်ခိုက်ရေးဒရုန်းများ ဝယ်ယူရေးစာချုပ်အတွက် Aero Vironment ကုမ္ပဏီအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ကျွန်ုပ်တို့၏ တိုးချဲ့ထုတ်လုပ်နိုင်စွမ်းနှင့် အဆင်ပြေချောမွေ့သော ထောက်ပံ့ရေးကွင်းဆက် ဖန်တီးပေးနိုင်မှုသည် အမေရိကန်စစ်ဘက်အတွက် စစ်မြေပြင်ထိ အုပ်ချုပ်ထောက်ပံ့မှုများကို သေချာစွာပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း AeroVironment ကုမ္ပဏီမှ Loitering Munition Systems စနစ်များဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ Brett Hush က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ AeroVironment ကုမ္ပဏီထုတ် Switchblade Loitering Munition တိုက်ခိုက်ရေးဒရုန်း များတွင် အလေးချိန် ၂ ဒသမ ၅ ကီလိုဂရမ်ရှိသော Switchblade 300 ဒရုန်းသည် လေထဲတွင် ၁၅ မိနစ်ကြာ အကွာအဝေး ၁၀ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်ပြီး Switchblade 600 ဒရုန်းသည် အကွာအဝေး စွမ်းရည်တိုးမြှင့်ထားကာ အခိုင်အမာပစ်မှတ်များကိုတိုက်ပွဲနိုင်ရန်၊ ပျံသန်းထိန်းချုပ်မှုကို တိကျစွာလုပ်ဆောင်နိုင်ရန် ခေတ်မီအာရုံခံ ကိရိယာများတပ်ဆင်၍ ထုတ်လုပ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

Switchblade 600 ဒရုန်းသည် အလေးချိန် ၁၅ ကီလိုဂရမ်ရှိပြီး လေထဲတွင် မိနစ် ၄၀ ကြာ အကွာအဝေး ကီလိုမီတာ ၄၀ ထိပျံသန်း တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

**US Army Orders Switchblade Attack Drones for Dismounted Soldiers ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေတပ်စွမ်းဆောင်ရည်မြှင့်တင်လျက်ရှိသော အိန္ဒိယနိုင်ငံ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ဇန်နဝါရီ ၁၅ ရက်က မွမ်ဘိုင်းမြို့၌ အိန္ဒိယရေတပ်အတွက် ကိုယ်ပျောက်ဖရီးဂိတ် INS Nilgiri၊ ကိုယ်ပျောက်ဖျက်သင်္ဘော INS Surat နှင့် ရေငုပ်သင်္ဘော INS Vaghsheer တို့ကို တပ်တော်ဝင်ခဲ့သဖြင့် အိန္ဒိယ၏ ပင်လယ်ရေကြောင်း မျှော်မှန်းချက်များကို ထင်ဟပ်စေလျက်ရှိသည်။

ဝန်ကြီးချုပ်မိုဒီသည် စစ်ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့ရာ၌ ယခုအခမ်းအနားသည် အိန္ဒိယနိုင်ငံတွင် စစ်ရေယာဉ်များတည်ဆောက်နိုင်မှုကို ထင်ဟပ်စေလျက်ရှိကြောင်းနှင့် သိမ်မွေ့နက်နဲပြီး ဆန်းသစ်သောလက်နက်စနစ်များထုတ်လုပ်ရန် အိန္ဒိယ၏ စွမ်းဆောင်ရည်ကို ပြသလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက စစ်ရေယာဉ်သုံးစီး တပ်တော်ဝင်ခြင်းသည် အိန္ဒိယရေတပ်ကို ဝယ်ယူသုံးစွဲနေရသူအဖြစ်မှ တည်ဆောက်ထုတ်လုပ်သူအဖြစ်သို့ ပြောင်းလဲလာမှုကို မီးမောင်းထိုးပြသလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် ပြည်တွင်းဖြစ်ပစ္စည်း ၇၅ ရာခိုင်နှုန်းဖြင့် စစ်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများတည်ဆောက်နိုင်သည့် စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်ထိ အိန္ဒိယနိုင်ငံသည် လက်နက်များဝယ်ယူရလျက်ရှိရာ ကမ္ဘာ့လက်နက်တင်သွင်းမှုအများဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံပင်ဖြစ်သည်။ စစ်ရေယဉ်များ တပ်တော်ဝင်အခမ်းအနား၌ ဝန်ကြီးချုပ်မိုဒီက အိန္ဒိယ၏ ရေတပ်စစ်ရေယာဉ်များ တပ်တော်ဝင်မှုသည် နယ်ချဲ့လိုခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေး ရည်မှန်းချက်နှင့်အညီ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ပွင့်လင်းလုံခြုံပြီး အားလုံးအကျုံးဝင်သည့် သာယာဝပြောသော အင်ဒို-ပစိဖိတ်ဒေသကို အမြဲတမ်း ထောက်ခံလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက မိမိတို့အနေဖြင့် နိုင်ငံတိုင်းသာယာဝပြောမှုအတွက် နိုင်ငံအားလုံး အတူတကွ လုပ်ဆောင်သွားရမည်ဆိုသောမူဝါဒကို ယုံကြည်လက်ခံထားရှိကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ဒေသတစ်ခုလုံးကာကွယ်ရေးနှင့် လုံခြုံရေးကို မိမိတို့တာဝန်အဖြစ် သဘောထားရှိကြောင်း ပြောကြားသွားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီဖြစ်ပေါ်ပြီးနောက် အိန္ဒိယနိုင်ငံနှင့် အိန္ဒိယရေတပ်အပေါ် ကမ္ဘာလုံးဆိုင်ရာရှုမြင်မှုသည် စတင်ပြောင်းလဲလာခဲ့ကြောင်း၊ ဆူနာမီဖြစ်စဉ်သည် အိန္ဒိယနိုင်ငံနှင့် အိန္ဒိယရေတပ်အတွက် အပြောင်းအလဲကာလဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဘေးအန္တရာယ်သင့်နေသော အင်ဒိုနီးရှားနိုင်ငံကို မိမိတို့ခံစားနေရသကဲ့သို့သဘောထားကာ နာရီအနည်းငယ်အတွင်းမှာပင် အကူအညီပေးနိုင်ခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

စစ်ရေယာဉ်သုံးစီးကို အိန္ဒိယရေတပ်၏ အဓိကအင်အားဖြစ်သည့် အနောက်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်တည်ရှိရာ မွမ်ဘိုင်းမြို့၌ တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယစစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာစစ်ရေးအင်အားတိုးချဲ့တည်ဆောက်လျက်ရှိပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)၏ စစ်ရေးအင်အားတည်ဆောက်ရေးအခိုင်အမာဆုံးဖြတ်ထားသည့် အချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံအခြေစိုက် မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးစင်တာ(CSIS)၏အဆိုအရ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည်ကမ္ဘာ့အကြီးမားဆုံးပင်လယ်ရေကြောင်း တိုက်ခိုက်ရေးတပ်ဖွဲ့ကို ပိုင်ဆိုင်ထားရှိပြီး စစ်ရေယာဉ် ၃၇၄ စီးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်ဟုဆိုသည်။ အမေရိကန်ရေတပ်၌ စစ်ရေယာဉ် ၂၁၉ စီးသာရှိပြီး အိန္ဒိယရေတပ်သည် ၂၀၃၅ ခုနှစ်တွင် စစ်ရေယာဉ် ၁၇၅ စီးထိ ပိုင်ဆိုင်နိုင်ရန် ရည်မှန်းထားရှိသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ်(PLAN)သည် အိန္ဒိယ၏ လွှမ်းမိုးမှုဇုန်အဖြစ်ရှုမြင်ခံထားရသည့် အိန္ဒိယသမုဒ္ဒရာတွင် အလျင်အမြန် အင်အားတိုးချဲ့တည်ဆောက်လျက်ရှိသည်။



တရုတ်နိုင်ငံသည် ပင်လယ်ကမ်းခြေနိုင်ငံများတွင် စစ်ရေးနှင့်သံခင်းတမန်ခင်းတည်ရှိမှုကို တိုးမြှင့်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် အာဖရိက ဦးချိုဒေသ၌ရှိသည့် ဂျီဘူတီ၌ ပထမဆုံးသော ပြည်ပစစ်အခြေစိုက်စခန်းတစ်ခုကို ဖွင့်လှစ်ခဲ့သည်။ ယီမင်၊ အီရီထီးရီးယာတို့နှင့်အတူ ဂျီဘူတီသည် Bab-el-Mandeb ရေလက်ကြားတစ်လျှောက်တွင် မဟာဗျူဟာမြောက်တည်ရှိလျက်ရှိသည်။ ၎င်းရေလက်ကြားသည် ပင်လယ်နီမှ အိန္ဒိယသမုဒ္ဒရာသို့ ချိတ်ဆက်ထားသည်။ အိန္ဒိယနိုင်ငံသည် ပင်လယ်ဓားပြများသောင်းကျန်းလျက်ရှိသော အေဒင်ပင်လယ်ကွေ့၌ စစ်ရေယာဉ်များ ဖြန့်ကြက်ထားလျက်ရှိသည်။

တရုတ်နိုင်ငံက တည်ဆောက်ထားသည့် ဆိပ်ကမ်းများသည် ပါကစ္စတန်နိုင်ငံရှိ ဂွါဒါဆိပ်ကမ်းမှ သီရိလင်္ကာရှိ ဟန်ဘန်တာတိုဆိပ်ကမ်းထိရှိလာပြီး လက်ရှိအချိန်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း ပျံ့နှံ့လာလျက်ရှိသည်။ တရုတ်နိုင်ငံ၏ သုတေသနရေယာဉ်များသည် သီရိလင်္ကာနှင့် မော်လ်ဒိုက်ဆိပ်ကမ်းများသို့ မကြာခဏဆိုက်ကပ်လျက်ရှိသဖြင့် အိန္ဒိယနိုင်ငံကို စိတ်ကသိကအောက် ဖြစ်စေလျက်ရှိသည်။ အိန္ဒိယက တရုတ်ရေယာဉ်များကို တွင်းထွက်ပစ္စည်းများအတွက် ပင်လယ်သမုဒ္ဒရာကြမ်းပြင်လေ့လာခြင်းနှင့် ရေငုပ်သင်္ဘောစစ်ဆင်ရေးဆိုင်ရာ လမ်းကြောင်းရှာဖွေခြင်းတို့အတွက် အသုံးပြုနေသည်ဟု သံသယဝင်လျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယသမုဒ္ဒရာဒေသတွင် အင်အားတောင့်တင်းသော အိန္ဒိယရေတပ်တည်ရှိခြင်းသည် အိန္ဒိယနိုင်ငံအတွက်မူ နည်းဗျူဟာနှင့် မဟာဗျူဟာမြောက်သဘောတရားနှစ်ရပ်စလုံးအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည်။

ထိုအတောအတွင်း တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့တွင် တရုတ်နိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများကြား ပင်လယ်ရေကြောင်းဆိုင်ရာ ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသဖြင့် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွင်း PLAN သည် ၎င်း၏ လေယာဉ်တင်သင်္ဘောသုံးစီးလုံးကို ပထမဆုံးအကြိမ် စမ်းသပ်ခုတ်မောင်းခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် စတုတ္ထမြောက်လေယာဉ်တင်သင်္ဘောကိုလည်း တည်ဆောက်လျက်ရှိသည်ဆိုသောသတင်းများ ထွက်ပေါ်လျက်ရှိသည်။ အိန္ဒိယ၏ ကုန်သွယ်မှု ၅၅ ရာခိုင်နှုန်းခန့်ဖြတ်သန်းသွားလာလျက်ရှိသော တောင်တရုတ်ပင်လယ်နှင့် မလက္ကာရေလက်ကြားတို့သည် အိန္ဒိယနိုင်ငံအတွက် အရေးပါလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယစစ်ရေယာဉ်များသည် အရှေ့တောင်အာရှနိုင်ငံများသို့ မကြာခဏသွားရောက်လည်ပတ်လျက်ရှိသည်။

ဒေသတွင်းရှိ နိုင်ငံအားလုံးအတွက် အိန္ဒိယ၏ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသဘောတရား(SAGAR) ထွက်ပေါ်လာသည့်အချိန်တွင် အိန္ဒိယစစ်ရေယာဉ်သုံးစီးကို တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်မိုဒီသည် မောရစ်သျှနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်စဉ် SAGAR သဘောတရားကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ၎င်းသဘောတရားသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ နိုင်ငံများကြား လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်သွားမည်ဖြစ်သည်။ ၎င်းသဘောတရား၏ ရည်မှန်းချက်သည် အေးချမ်းမှုနှင့် သာယာဝပြောမှုထိန်းသိမ်းရာတွင် ဒေသတွင်းရှိ နိုင်ငံအားလုံး အတူတကွလုပ်ဆောင်ရန်နှင့် ပဋိပက္ခဖြစ်ပွားချိန်တွင် အတူတကွဖြေရှင်းသွားရန်ပင်ဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီက မိမိတို့အနေဖြင့် ပွင့်လင်း၊ လုံခြုံ၊ အားလုံးအကျုံးဝင်သော အိန္ဒိယသမုဒ္ဒရာဒေသ(IOR)ကို ယုံကြည်လက်ခံထားကြောင်း၊ ၎င်းယုံကြည်ချက်သည် SAGAR မျှော်မှန်းချက်ကို မီးမောင်းထိုးပြသလျက်ရှိကြောင်း မွမ်ဘိုင်းမြို့၌ ပြုလုပ်သည့် တပ်တော်ဝင်အခမ်းအနား၌ အလေးထားပြောကြားသွားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပဋိပက္ခဖြစ်ပွားချိန်တွင် IOR နိုင်ငံများသို့ ပံ့ပိုးကူညီရန် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားသောပစ္စည်းများ ပေးပို့လျက်ရှိသည့်အပြင် သဘာဝဘေးအန္တရာယ်များအပေါ် ဒေသတွင်း၏ ပထမဆုံးသောတုံ့ပြန်သူအဖြစ်လည်း ပေါ်ထွက်လာလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် စီးပွားရေးအကျပ်အတည်းကာလတွင် အိန္ဒိယနိုင်ငံသည် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ကိုလံဘိုနိုင်ငံသို့ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော် ထုတ်ချေးခဲ့သည်။ ထို့ကြောင့် သီရိလင်္ကာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ပုံရိပ်မြင့်တက်လာခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက မိမိတို့အနေဖြင့် နိုင်ငံတိုင်းသာယာဝပြောမှုအတွက် နိုင်ငံအားလုံး အတူတကွလုပ်ဆောင်သွားရမည်ဆိုသောမူဝါဒကို ယုံကြည်လက်ခံထားကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ဒေသတစ်ခုလုံး၏ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် တာဝန်ရှိသူအဖြစ် သဘောထားလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

စစ်ရေယာဉ်အသစ်များ တပ်တော်ဝင်မှုနှင့်အတူ အိန္ဒိယရေတပ်၏ အင်အားတောင့်တင်းခိုင်မာလာမှုသည် အမေရိကန်တွင် အစိုးရအဖွဲ့အပြောင်းအလဲဖြစ်ပေါ်ချိန်၌ ပေါ်ထွက်လာခြင်းဖြစ်သည်။ သမ္မတဒေါ်နယ်ထရန့်က အမေရိကန်၏ မဟာမိတ်များနှင့် မိတ်ဆွေများအနေဖြင့် ၎င်းတို့လုံခြုံရေးအာမခံချက်အတွက် အမေရိကန်အပေါ် လုံးလုံးလျားလျားမှီခိုမှု မပြုလုပ်သင့်ကြောင်းနှင့် ကိုယ်တိုင်ဘေးကင်းလုံခြုံမှုအတွက် ကိုယ်ပိုင်အရင်းအမြစ်များကို ပိုမိုခွဲဝေသွားရမည်ဖြစ်ကြောင်း အကြိမ်ကြိမ် ပြောဆိုလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယ၏ ရေတပ်အင်အားတောင့်တင်းခိုင်မာမှုသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ နိုင်ငံတချို့ကို စိတ်သက်သာမှုရရှိစေမည်ဖြစ်သည်။ အကြောင်းမှုကား တရုတ်၏ စစ်ရေးအင်အားကြီးထွားလာမှုနှင့် အမေရိကန်၏ အတွင်းစိတ်သဘောထားကို ခန့်မှန်းနေရသည့်အချိန်တွင် နိုင်ငံများစွာသည် မဟာမိတ်ဖွဲ့မှုနှင့် အုပ်စုအသစ်များ ဖွဲ့စည်းလာလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

ဒေါ်နယ်ထရန့်၏ ကြိုတင်ခန့်မှန်းရခက်ခဲမှုနှင့် အပြောင်းအလဲကို ခံမင်မှုတို့ကြောင့် အိန္ဒိယနိုင်ငံသည် သိသာထင်ရှားသောစိန်ခေါ်မှုများကို အလေးထားဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ ပထမဆုံးအချက်မှာ အိန္ဒိယအနေဖြင့် တတိယမြောက်လေယာဉ်တင်သင်္ဘော တည်ဆောက်ရေးအတွက် မီးစိမ်းပြသင့်နေပြီဖြစ်ပြီး ထိုသို့တည်ဆောက်သည့်တိုင်အောင် တပ်တော်ဝင်နိုင်ရေးအတွက် ဆယ်စုနှစ်တစ်ခုခန့် ယူသွားရမည်ဖြစ်သည်။ ဒုတိယအချက်မှာ အိန္ဒိယအနေဖြင့် ၎င်း၏ စစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် လေယာဉ်တင်သင်္ဘောများအတွက် ကိုယ်ပိုင်အင်ဂျင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် စစ်လက်နက်ပစ္စည်းတင်သွင်းသူအဖြစ်မှ ကာကွယ်ရေးပစ္စည်းတင်ပို့သူအဖြစ် ပြောင်းလဲသွားလိုလျှင် ကိုယ်ပိုင်နည်းပညာများတိုးတက်ရေးသည် များစွာအရေးပါလျက်ရှိသည်။

ရေတပ်သည် အိန္ဒိယ၏ ကမ္ဘာလုံးဆိုင်ရာပုံရိပ်မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များကြား ရေတပ်သည် တိုင်းပြည်၏အင်အားနှင့် သံခင်းတမန်ခင်းတို့တွင် အရေးပါသောအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခံရလျက်ရှိသည်။ လွန်ခဲ့သောနှစ်များအတွင်း ရေတပ်သည် အဆင့်မြင့်သင်္ဘောများ၊ ရဟတ်ယာဉ်များနှင့် ဆေးဘက်ဆိုင်ရာအဆောက်အအုံများအပါအဝင် သဘာဝဘေးကယ်ဆယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများကို တိုးတက်တည်ဆောက်လျက်ရှိသည်။ ရေတပ်၏အလျင်အမြန်စုစည်းနိုင်မှုနှင့် အရင်းအမြစ်များကို အလျင်အမြန်ဖြန့်ကြက်နိုင်မှုစွမ်းရည်တို့သည် အိန္ဒိယသမုဒ္ဒရာနှင့်ပြင်ပတွင် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များနှင့် လုံခြုံရေးဆိုင်ရာများကို တုံ့ပြန်ဆောင်ရွက်ရာ၌ များစွာအရေးပါလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် အရေးပေါ်လိုအပ်ချိန်တွင် စွမ်းဆောင်ရည်နှင့် စိတ်ဆန္ဒတို့ကိုပြသခြင်းအားဖြင့် ဒေသတွင်း၌ တာဝန်ယူမှုနှင့် စွမ်းဆောင်ရည်ရှိသော ဦးဆောင်သူအဖြစ် ရပ်တည်လာလျက်ရှိသည်။

**ကိုးကား**

- **India Strengthens its Naval Muscle Amid an Uptick in Global Uncertainty, Challenges by The Diplomat.**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend Chinese New Year (2025), the year of the snake, festival






Senior General Min Aung Hlaing and the Chinese ambassador formally open the Chinese New Year festival by pushing a button.

**Nay Pyi Taw January 25**

Chinese New Year (2025), the year of the snake, was celebrated at National Indoor Stadium (1), Thuwunna, Yangon this evening, graced by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

First, the Senior General and wife were warmly welcomed by Chinese Ambassador to Myanmar H.E. Ms. Ma Jia, honoured guests and officials. Then the Senior General and wife and attendees arrived at the venue of the New Year festival.

Afterwards, union ministers, U Tin Oo Lwin, U Min Naung and U Tun Ohn, Yangon Region Chief Minister U Soe Thein, ministers of Chinese Embassy in Myanmar, the patron of Myanmar-Chinese Buddhist and Cultural Exchange Conference, counsellors of Inter-racial Unity Association, the president of Chinese Traders Federation of Myanmar, the chair of Yunnan Social Welfare Association, the chair of Hokkyant (Fujian) Chinese Association, and the chairs of Chinese associations formally opened the New Year festival.

The Senior General and wife and the Chinese ambassador were welcomed by eight lions with Chinese New Year commemorative towels in their honor.

The Senior General and the ambassador formally opened the Chinese New Year festival by pushing a button.

Later Golden Dragon Chinese New Year Festival was observed, and a shaolin monk extended New Year greetings and prayed for further strengthening of China-Myanmar friendship. The Senior General and wife, and attendees enjoyed the shaolin kung fu demonstration.

The Senior General and wife presented Buddha Images and fruit baskets to shaolin monks, who in return, presented commemorative gifts.

The Senior General and wife, the ambassador and attendees posed for group documentary photos with members of Chinese associations and shaolin monks.

After enjoying the groupwise cultural performances staged in their honor by entertainment groups, the Senior General and wife presented cash awards to them.

The Senior General and wife and attendees looked around the ChinaTown Chinese cultural exhibitions and Chinese food booths.

Chinese New Year dinner was hosted. First the auspicious ceremony to bring the Chinese lion statue into life by painting it was held. The Senior General and wife and the ambassador applied paint on the statue in accord with the Chinese tradition. Then the Chinese traditional lion dance troupe staged a performance in their honour.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present a Buddha Image and fruit basket to a shaolin monk.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present cash prizes to performers.

In his Chinese New Year wishes, the Senior General said the over 5000-year-old culture of China still exists today, and the country has preserved the records of the world's longest cultural history.

The Chinese New Year, also known as the Spring Festival, has been celebrated for over 3,500 years in accordance with traditional cultural customs and has been passed down from generation to generation, ensuring its preservation. According to Chinese tradition, 2025 is the Year of the Snake, one of the 12 traditional Chinese zodiac animals. The Year of the Snake symbolizes wisdom, strategic change, reorganization, growth, and insight. It is believed that this year will enable the Chinese people to achieve greater progress and bring about changes to fulfill their aspirations.

China and Myanmar share a geographical border spanning over 1,300 miles, reflecting close ties in ethnicity and culture. Historical records indicate that bilateral relations date back to 901 AD, signifying a relationship that has endured for more than a thousand years. With thousands of years of relations and a long-shared border, China and Myanmar have cultivated strong relations, including pauk-phaw relationship, a strategic cooperative partnership, and the development of a community of shared interests. He stated that he would continue to work hard to further strengthen China-Myanmar relations and the friendship between the two people.

It is observed that China is implementing BRI projects to promote the development of regional countries, including Myanmar, as well as other nations around the world, rather than focusing solely on its own development. Regarding Myanmar, with the implementation of the China-Myanmar Economic Corridor projects, I would like to state that Myanmar truly values China's peaceful development and mutually beneficial cooperation. Myanmar will continue to stand as a reliable and supportive neighbor to China by fostering conditions that accelerate the implementation of joint projects with China.

Officials from China and Myanmar made reciprocal goodwill visits in 2024, showcasing the strong friendship between the two countries. He stated that he visited China in November of last year at the invitation of the Government of the People's Republic of China and participated in the Greater Mekong Summit and related meetings. He also stated that,

*See Page 12*




Senior General Min Aung Hlaing extends his warm wishes for the Chinese New Year.

*From Page 11*

along with meeting the Chinese Premier, he also held separate discussions with leaders of ASEAN countries attending the event. During the discussion with the Chinese Premier, he reaffirmed his full support and encouragement for Myanmar's domestic stability, as discussed during the Chinese Foreign Minister's visit to Myanmar. He expressed support for activities being implemented in line with SAC's five-point roadmap and assistance for election-related matters, as well as steps to further enhance bilateral cooperation in various fields and the political and trust-based development of China-Myanmar relations. The reaffirmed discussions and assistance provided by Chinese officials to Myanmar's efforts further demonstrate that China remains a steadfast friend to Myanmar, and Myanmar would like to express its gratitude to China for this continued support.

He stated that he had the opportunity to meet with Chinese business leaders in Kunming to discuss Myanmar's economic prospects. He noted the strong interest and enthusiasm of Chinese business leaders towards Myanmar and emphasized that this engagement would further boost Chinese business investments in the country. Additionally, he stated that he visited key landmarks, universities, and factories in Kunming, Chongqing, and Shenzhen, witnessing firsthand the results of the hard work of the Chinese people.

SAC is implementing the plans in accordance with the established future processes to guide the country back onto the path of genuine and disciplined democracy. The successful efforts in this regard are due to the support of our strong neighbor, China. He stated that he would like to reaffirm his gratitude to the Chinese government and all Chinese citizens for their steadfast support of Myanmar's independence and sovereignty, as well as their ongoing support for peace and stability. He also stated that he would like to request continued assistance in Myanmar's peace process and the efforts being made for the country's development.

On 8 June 1950, the establishment of official diplomatic relations between China and Myanmar marked the beginning of their formal ties. This means that by the upcoming 8 June, their diplomatic relations will have reached a milestone of 75 years. Based on the foundation of the longstanding friendship between the two nations, which has existed for many years, China and Myanmar have supported each other in various matters since the establishment of their diplomatic ties. Myanmar was the first country in Asia to officially recognize the establishment of the People's Republic of China and has consistently upheld the One-China policy firmly to this day. In 1954, during Chinese Premier Zhou Enlai's visit to Myanmar, both countries jointly announced the Five Principles of Peaceful Coexistence, which became a significant milestone in the history of their bilateral relations. Up to now, these principles remain a guiding framework for the relations between the two countries, exemplifying the true essence of their brotherly and cooperative relationship. Myanmar, with its long-standing historical ties and bilateral relations with China, has decided to designate Chinese New Year as an official public holiday starting from 2025.



The Chinese ambassador extends New Year greetings.

This designation signifies Myanmar's recognition for China's position and perspective toward Myanmar. It also reflects support for China's long-term vision of promoting multilateral unity and collaboration. However, both domestic and international groups do not welcome the friendly and close relations between the two nations and they employ various methods to instigate Myanmar and China. Therefore, it is crucial for the authorities and citizens of both countries to remain vigilant and committed to safeguarding their mutual ties.

It was stated that both China and Myanmar have shared a bond of friendship that has endured for many years, one that is so deeply rooted and resilient that no method or action could possibly disrupt it. Therefore, it is necessary to demonstrate this enduring connection. In light of this, it was urged that the people of Myanmar, Chinese-Myanmar associations within Myanmar, Chinese descendants in Myanmar, and Chinese citizens working in Myanmar should collaborate with a sense of patriotism and mutual harmony, living together in unity. By doing so, everyone should strive to maintain and strengthen the relationship between China and Myanmar, ensuring that the two nations continue to stand as strong, everlasting, and friendly neighbours.

Then, the Senior General and his wife and the Chinese Ambassador to Myanmar exchanged commemorative gifts to mark the 2025 Snake Year of Chinese New Year.

Afterward, the Chinese Ambassador to Myanmar delivered New Year greetings, stating that the Chinese New Year is the most significant festival for the Chinese people and expressing great joy in welcoming the Year of the Snake. She noted that throughout history, generation after generation of Chinese people have crossed mountains and rivers to reach the beautiful and serene land of Myanmar, where they have peacefully settled and engaged in livelihoods. These individuals have actively integrated into the larger family of Myanmar, which is home to various ethnic groups, and have become important contributors and participants in Myanmar's economic and social development, as well as in fostering China-Myanmar friendship. Throughout this year, both nations have maintained

*See Page 13*




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla accept a painting as a gift.



Chinese New Year festival in progress.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers address to officers, other ranks of families of Thanlyin Station in Yangon Command



Senior General Min Aung Hlaing meets Tatmadaw members and families of Thanlyin Station.

**Nay Pyi Taw January 25**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officers, other ranks and families of Thanlyin Station in Yangon Command and delivered an address to them at the hall of the local command headquarters this afternoon.

Present at the meeting together with the Senior General were Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Yangon Command, officers, other ranks and families of Thanlyin Command.

The Senior General delivered an address at the meeting, explaining the political developments and changing administrative systems of the country, tasks implemented by the Tatmadaw to adopt the multi-party democracy system aspired by the entire people, voting irregularities in the 2020 election, attempts to control the state power illegally without settling election disputes, assumption of the state power by declaration of the state of emergency by the Tatmadaw in accordance with the constitution (2008) and action taken against acts of terrorism in the country by security forces.

Then, the Senior General continued to say that the main duty of the Tatmadaw is national defence and personnel are required to perform duties anywhere out of military and security awareness and consciousness and apply military tactics taught at training schools in the practical field.

To apply military tactics in the practical field, it is necessary to practice them constantly and to be fit and healthy for respective age groups. In connection with national defence, duties must be performed bravely and the spirit of bravery and willingness to perform duties must be cultivated. One must be able to use one's weapons skillfully.

As personnel join the Tatmadaw out of their own volition to perform defence and security duties of the country without being urged to do so, it is necessary to appreciate the life of a soldier. It is necessary to be proud of the life of soldiers who are performing noble duties of the country and people and duties assigned to personnel must be performed responsibly. The population of the country is about 52 million including 47 percent of males and 53 percent of females. As only a few of them can serve in the Tatmadaw and perform noble duties of national defence and security, one must appreciate the life of soldiers, which most people cannot undergo, and one must be proud of oneself.

To perform national defence and security duties, individual personnel are required to do exercises for fitness and performing duties of each individual properly amounts to doing exercises. It is necessary to supervise individuals and teams to ensure that they do their daily, weekly and monthly fitness exercises properly. In connection with training, one must always study changing military tactics without losing sight of them in accordance with the motto "Study, Practice and Follow up," and one must always practice military tactics one has learnt so that they can be applied more skillfully. As one will lag behind others in any tasks assigned to him without studying , it is necessary to study and exert effort constantly for the development of individuals and one's own organization. In connection with training, one must be able to lead the life of a genuine soldier in accordance with the saying "the more you sweat, the less you bleed," for the development of qualities of individuals and the organization.

In administrative affairs, a unified and fair administrative model must be adopted and tasks must be carried out by understanding the nature of humans. The spine of the Tatmadaw is discipline and discipline means urging people to do what they should and prohibiting them from doing what they should not. As morale will be high If individual personnel observe military discipline and administrative support is provided to them, emphasis must be placed on a unified and fair administrative model.

For the welfare of personnel, administrative affairs are closely related to welfare and a good administrative model can contribute to welfare. If administrative affairs and welfare are strong, morale will be high spontaneously. The Tatmadaw has been providing rights and benefits appropriate to the ranks of all personnel. Welfare tasks must be implemented by ensuring that one must enjoy benefits that one should. It is necessary to help solve personal difficulties and hardships of personnel. Individual personnel are urged to take care of themselves by abstaining from alcoholic drinks, inappropriate pleasure and unhealthy food. Welfare can be ensured if expenditure and income is proportionate. One must be able to distinguish between useful expenditure and wasteful spending. The Tatmadaw has been encouraging agriculture and livestock breed tasks owned by units and by personnel. The agriculture and livestock breeding tasks are carried out not for profits but for enabling families of personnel to consume meat, fish and vegetables at cheaper prices in the outside markets. Therefore, it is necessary to ensure the welfare of each family and the unit by successfully carrying out agriculture and livestock breeding tasks. Welfare of surrounding areas can be ensured by selling surplus agriculture and livestock products to local staff and residents at reasonable prices.

Battalion building tasks such as training, administration, welfare and morale are interconnected and each personnel is responsible for nurturing good morale. Responsible officers are required to help nurture high morale in personnel by carrying out training, administrative and welfare tasks. Good morale can be nurtured by organizing sport events and occasional funfairs and fulfilling their needs.

As it is necessary to read books without fail for the development of personality of individual personnel, all personnel are required to seek knowledge by reading. Personnel are urged to use the knowledge gained by reading books and taking note in the practical field beneficially. It is also a good habit to share one's knowledge with others. As the saying goes "One can survive for only one morning without water; one can survive only seven days without food," one will face difficulties in one's entire life if one is illiterate. In conclusion, the Senior General urged personnel to read books.

Then, the Senior General presented foodstuff and sport equipment for officers, other ranks and families of the station to responsible officers.

After the meeting, the Senior General and party cordially greeted the officers, other ranks and families who attended the meeting. 100

---

*From Page 12*

positive progress in mutual exchanges and collaborations in various sectors, including culture, tourism, and religious affairs. This year marks the 75th anniversary of diplomatic relations between China and Myanmar. With the attention and guidance of the leaders of both countries, the comprehensive and strategic partnership between the two nations has yielded fruitful results, fostering new developments and creating numerous opportunities for development of both peoples.

It is believed that in the coming year, by joining hands, they can continue contributing to the construction of a shared future and a harmonious community for China and Myanmar. Together, they will build a beautiful future for both nations, ensuring mutual development, prosperity, and peace. With this in mind, best wishes are extended for continued growth, harmony, and lasting peace between the two countries.

Afterward, the Senior General and his wife joined attendees of the ceremony to partake in a dinner reception held in honour of the Chinese New Year. During the dinner, entertainment was provided by a special cultural and literary performance group from China, including martial arts demonstrations by Shaolin monks. Under the Directorate of Public Relations and Psychological Warfare, the Myawady Entertainment Troupe and artists showcased dances, musical performances, and songs promoting Sino-Myanmar friendship. Chinese cultural troupes presented traditional Chinese songs and music performances, while external artists entertained with various songs. During the performances, a speech was delivered celebrating Myanmar's traditional New Year water festival (Thingyan), which was the first to be inscribed on UNESCO's Intangible Cultural Heritage list. In recognition of this honour, the Myawady Band performed the Thingyan song "Khit Lay Khit" (Four Eras).

The Senior General and his wife and the Chinese Ambassador presented flower baskets to the Chinese traditional dance troupes from China, the Myawady Entertainment Troupe from the Directorate of Public Relations and Psychological Warfare and artistes.

All participants and artistes sang the theme song titled "Let all flowers blossom". After the ceremony, the Senior General and his wife cordially greeted the attendees. 100

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects Advanced Myanmar Thargaung War Veteran Housing (Laytaungkan) and Thilawa Multi-purpose Agriculture and Livestock Zone





Senior General Min Aung Hlaing gives guidance to officials.

**Nay Pyi Taw January 25**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by the Commander-in-Chief (Navy), Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level officials, Chief Minister of Yangon Region, senior military officers from the Office of the Commander-in-Chief of Defence Services, Vice Chairman (1) of the Myanmar War Veterans Organization, Commander of Yangon Command, Yangon Mayor, and other responsible personnel, visited the Advanced Myanmar Thargaung War Veteran Housing (Laytaungkan) and the Thilawa Multi-purpose Agriculture and Livestock Zone in Dagon Myothit (South) Township, Yangon Region, this morning to inspect the progress of the projects.

First, the Senior General and party arrived at the the Advanced Myanmar Thargaung War Vetran Housing (Laytaungkan), where they were briefed by Yangon Command Commander Major General Zaw Hein and Directorate of Military Engineering Director Major General Zaw Naing Oo. The briefing covered the implementation and completion of instructions given by the Senior General during his visit in May 2022, the construction progress of the housing units, the settlement of war veterans, the ongoing plans for further settlements, the arrangements for the construction of preschools and middle schools, the current school enrollment, the completion of sports and playground facilities, and efforts to ensure adequate water and electricity supplies. Afterward, Yangon Region Chief Minister U Soe Thein provided an explanation on the historical background of the housing project and the current status of land utilization.

Regarding the presentations, the Senior General remarked that the Advanced Myanmar Thargaung War Veteran Housing (Laytaungkan) project is being developed as a town of war veterans. He emphasized the need for the project to serve as a model housing initiative that contributes to the development of Yangon City. He also suggested incorporating a systematically planned solar power generation project aligned with the housing project's electricity requirements. Additionally, he stressed the importance of efficient and systematic utilization of land in the housing construction process. He noted that over 4,000 housing units have already been completed within the compound, transforming the area into a small-town-like community, and further necessities should be addressed accordingly. He also provided instructions on other required actions.

Afterward, the Senior General and party toured the housing compound by car to inspect the facilities. He gave instructions to the responsible personnel to ensure the cleanliness, tidiness, and aesthetic appeal of the housing area, as well as the proper functioning of water supply and drainage systems. He then warmly greeted the war veterans and their families residing in the housing compound.

Following this, the Senior General and party visited the construction site of a shopping complex located at the corner of Bogyoke Road and Road No. (7) near the housing project. At the site, Vice Chairman (1) of the Myanmar War Veterans Organization retired Lt-Gen Ye Aung, and the officials responsible for the construction briefed them on the progress of the project, key project details, the expected final outlook upon completion, major construction milestones achieved, and the efforts being made to ensure completion within the designated timeline. Records of completed work were also presented.

In response to the briefing, the Senior General remarked that the shopping complex is being developed to improve the living standards of residents in Dagon Myothit (South) Township and those living in the Housing (Laytaungkan), as well as to create more employment opportunities. He instructed that solar panels be installed on rooftops to ensure a stable supply of electricity and that solar power systems be implemented in unused areas of the project site. He emphasized the importance of systematically planting fast-growing trees and shade-providing windbreak trees to enhance the greenery and environment. Additionally, he highlighted the need for efficient drainage systems and for roads within the town to be properly organized, with systematic water flow management to prevent flooding. The Senior General inspected the progress of the construction on-site, reviewed the updates provided by the responsible personnel, and gave necessary directives based on the findings.



Senior General Min Aung Hlaing observes eggs and dairy products.

Following this, the Senior General, along with his entourage, visited the Thilawa Multi-purpose Agriculture and Livestock Zone, located between the Yangon River and Hmawun Creek in Kyauktan Township, to inspect the progress of the project.

First, at the livestock zone briefing hall, Chairman of the Myanmar Economic Corporation General Nyo Saw, Chairman of Myanmar Economic Holdings Public Company Limited Lt-Gen San Oo, and other responsible personnel provided updates to the Senior General regarding the implementation of his directives. They also presented the ongoing development of the Shwe Pyi Agriculture and Livestock Zone, the Thilawa Multi-purpose Agriculture and Livestock Zone, and the 26-Mile Multi-purpose Agriculture and Livestock Zone, along with the operations at Shwe Mu Yin Fish Ponds, Ngwe Pinle Fisheries and Ngwe Pinle Beef Cow Farming in Twantay Township. The presentation covered various ongoing activities, including livestock and fisheries operations, the production of livestock, fish, and various types of eggs for distribution to the market at affordable prices, the operations of the cold storage factory in Hlinethaya, and the future plans. Additionally, they outlined progress in dairy farming, beef cattle farming, layer chicken farming,

*See Page 15*






Senior General Min Aung Hlaing views documentary photos on fish catching and sales.

*From Page 14*

and goat farming at the Sun Yae Inn Farming Zone, as well as plans for the establishment of a feed processing factory. All these updates were explained in detail.

In response to the presentations, the Senior General stated that the establishment and operations of farming and livestock zones in Yangon Region aim to ensure sufficient supply of meat, fish, and seasonal crops within the region. He emphasized that Yangon Region, with a population of over 7 million, requires the strengthening of agricultural and livestock activities to ensure food security. Additionally, due to the large number of factories and workshops in the region and its growing population, efforts must be made to balance supply and demand and to stabilize the prices of essential commodities by increasing the production of meat, fish, and seasonal crops.

He further highlighted the importance of systematic farming and livestock activities, not only within farming zones and stations but also through self-sufficient farming in rural villages. He stressed the need for efficient production and ensuring the continuous availability of raw materials for livestock feed. Similarly, efforts must also focus on producing an adequate supply of vegetables. He noted that increasing the production of essential food commodities is the key to reducing price inflation and called for successful implementation of these efforts.

In carrying out agricultural and livestock activities, it is necessary to move beyond traditional and conventional methods toward systematic farming and livestock practices. The Senior General emphasized the importance of continuously studying and adopting agricultural and livestock techniques from countries that have achieved success in these sectors.

Following this, the Senior General, along with his entourage, observed displays of fish species bred within the Thilawa Multi-purpose Agriculture and Livestock Zone, as well as exhibits of products from the farming and livestock activities, including chicken eggs, duck eggs, and dairy products.

Later, the Senior General and party toured the Thilawa Multi-purpose Agriculture and Livestock Zone by car to inspect its operations. 100






Senior General Min Aung Hlaing views presentation on construction of a shopping complex.





Senior General Min Aung Hlaing views photos of school construction.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရှောင်လင်ဘုန်းကြီးများထံ ဗုဒ္ဓရုပ်ပွားတော် ဆက်ကပ်လှူဒါန်းစဉ်။

ရှေ့ဖုံးမှအဆက်

ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ-တရုတ်ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအဖွဲ့နာယက၊ လူမျိုးပေါင်းစုံညီညွတ်ရေးအဖွဲ့အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့်(ဖူကင်)တရုတ်အမျိုးသားအသင်းဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့အား ခြသေ့်ရှစ်ကောင်က စကားနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲစေကြောင်း ဆုတောင်းစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများသည် ရှောင်လင်ကွန်ဖူးသရုပ်ပြသခြင်းများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ရှောင်လင်ဘုန်းကြီးများထံ ဗုဒ္ဓရုပ်ပွားတော်များနှင့် သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းပြီး ရှောင်လင်ဘုန်းကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မင်္ဂလာဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ်ပဝါများဖြင့် ဂါရဝပြုသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်ကိုစတင်ကျင်းပရာ ရှောင်လင်ဘုန်းကြီးတစ်ပါးက နှစ်သစ်ကူးဆုတောင်းဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များ၊ ရှောင်လင်ဘုန်းကြီးများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များက တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြဖျော်ဖြေမှုကိုကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများသည် China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့်တရုတ်ရိုးရာအစားအစာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာတရုတ်ရိုးရာခြသေ့်အရုပ်အား ဆေးခြယ်အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကိုပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ရိုးရာခြသေ့်အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။ ယင်းနောက် တရုတ်ရိုးရာခြသေ့်အကအဖွဲ့က ဂါရဝပြုကပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသည်လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက ယနေ့တိုင် အောင်တည်ရှိနေပြီး ကမ္ဘာ့သမိုင်း၌ အရှည်ကြာဆုံးသော ယဉ်ကျေးမှုသမိုင်းမှတ်တမ်းကို ထိန်းသိမ်းထားနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအရ နွေဦးပွဲတော်ဟုခေါ်ဆိုသည့် နှစ်သစ်ကူးပွဲတော်ကိုလည်း လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀၀ ကျော်ကတည်းက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းကျင်းပခဲ့ကြသည်ကို ဂုဏ်ယူဖွယ်လေ့လာတွေ့ရှိရကြောင်း၊ တရုတ်ရိုးရာအရ ယခု ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံက တရုတ်ရိုးရာ ရာသီခွင် ၁၂ ပါးထဲမှ မြွေနှစ်ဖြစ်သည်ကို သိရှိရကြောင်း၊ မြွေနှစ်သည် ဉာဏ်ပညာ၊ မဟာဗျူဟာပြောင်းလဲခြင်း၊ အသစ်တစ်ဖန် ပြန်လည်ဖွံ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်းအဓိပ္ပာယ်ဟု ယူဆကြသည်ကိုသိရှိရကြောင်း၊ တရုတ်ပြည်သူတို့၏ မျှော်လင့်ချက်များပြည့်ဝအောင် တိုးတက်ပြောင်းလဲခြင်းများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကိုကြည့်ပါကလည်း မှတ်တမ်းများအရ ခရစ်နှစ် ၉၀၁ ခုနှစ်က စတင်ခဲ့ခြင်းကြောင့် နှစ်ပေါင်းတစ်ထောင်ကျော် ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ နှစ်ပေါင်းထောင်ချီခဲ့သည့် ဆက်ဆံရေးနှင့် ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေခြင်းကြောင့်လည်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ဖျော်ဖြေရေးအဖွဲ့များက ဂါရဝပြုဖျော်ဖြေမှုအား ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဖျော်ဖြေရေးအဖွဲ့များကို ချီးမြှင့်ငွေပေးအပ်စဉ်။

**မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကိုဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည် . . .**

ဖြစ်သည်ကို ပြောလိုကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသောကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်းဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်း မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကိုဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်** ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်းတွင် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးခိုင်မာနေမှုကို ပြသနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလထဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကိုသွားရောက်ခဲ့ပြီး မဟာမဲခေါင်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်အပြင် အခမ်းအနားကို တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်လည်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ်တွင်လည်း တရုတ်နိုင်ငံဝန်ကြီးချုပ်က တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အတည်ပြုဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်ပြီး အပြည့်အဝထောက်ခံကူညီအားပေးမည့်အချက်များ၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ထောက်ခံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊

ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးစသည့် ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် ရှေ့ဆက်ပြီးတော့လည်း တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထား ဆောင်ရွက်သွားမည် နှစ်နိုင်ငံနယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုအရ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားမည့် အချက်များ စသည်များကို ထပ်လောင်းအတည်ပြုဆွေးနွေးခဲ့ကြောင်း၊ ထိုသို့မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအပေါ် တရုတ်နိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်များ၏ အတည်ပြုဆွေးနွေးချက်များနှင့် ကူညီထောက်ပံ့မှုများသည် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေအဖြစ် တည်ရှိနေမှုကိုဖော်ပြနေခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါရပ်တည်ချက်အတွက်လည်း မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မိမိအနေဖြင့် ကူမင်းမြို့တွင် တရုတ်ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပြောပြခွင့်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွသည့်အမြင်နှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်လိုမှုများကိုမြင်ခဲ့ရပြီး မိမိတို့နိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကူမင်း၊ ချုံချင့်၊ ရှန်းကျန့်မြို့များတွင် ရှိသည့် အထင်ကရနေရာများ၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာခဲ့ပြီး တရုတ်လူမျိုးတို့၏ ကြိုးစားအားထုတ်မှုအသီးအပွင့်များကို မြင်တွေ့ခဲ့ရကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည် လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် အညီ

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တရုတ်ရိုးရာခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားတွင် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်သည့်အရွေ့များ ဖြစ်ပေါ်လာမှုသည် မိမိတို့၏ခိုင်မာသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ အားပေးကူညီမှုများကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပေါ် အခိုင်အမာထောက်ခံပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထား ကူညီ ဆောင်ရွက်ပေးနေမှုများအတွက်လည်း တရုတ်နိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန် ပန်ကြားလိုကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှစ်သစ်ဆုတောင်းစကားပြောကြားစဉ်။

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တရားဝင် သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ထူထောင်နိုင်ခဲ့ခြင်းကြောင့် လာမည့် ဇွန် ၈ ရက်ဆိုပါက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်တိုင်တိုင် စိန်ရတုကာလကိုရောက်ရှိပြီဖြစ်ကြောင်း၊မိမိတို့ တရုတ်-မြန်မာနှစ်နိုင်ငံအနေဖြင့် ရေးနှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့သည့်ချစ်ကြည်ရင်းနှီးမှုအပေါ်အခြေခံပြီး နှစ်နိုင်ငံ ဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံကြုံတွေ့လာသည့် အရေးကိစ္စများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမကူညီခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ စတင်ထူထောင်ခြင်းအပေါ် အာရှတိုက်တွင် ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါအချိန်ကတည်းက ရပ်တည်ခဲ့သည့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုလည်း ဒီနေ့အချိန်အထိ ခိုင်ခိုင်မာမာရပ်တည်နေသည့်နိုင်ငံဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံကို တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းလာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကလည်း နှစ်နိုင်ငံဆက်ဆံရေး သမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ယနေ့တိုင် လက်ကိုင်ထားကျင့်သုံးနေကြခြင်းကြောင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ဆက်ဆံရေး၏ ပြယုဂ်အမှန်ကို ဖော်ထုတ်ပြသနေကြဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ရှည်လျားလှသည့် သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ရှိမှု၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ်မှစပြီး တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့ သတ်မှတ်ပေးမှုသည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားအပေါ် အလေးထားအသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ရေရှည်ကို မြော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အလေးအနက်ထောက်ခံခြင်းလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကိုမလိုလားကြသည့် ပြည်တွင်းပြည်ပက အဖွဲ့များအနေဖြင့်လည်း နည်းလမ်းမျိုးစုံအသုံးပြုပြီး သွေးခွဲနေကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ တာဝန်ရှိသူများနှင့် နိုင်ငံသူ၊နိုင်ငံသားများအားလုံးက အထူးဂရုစိုက်ရန်လိုကြောင်း၊ မိမိတို့ တရုတ်-မြန်မာနှစ်နိုင်ငံအနေဖြင့် ရေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုသား၍ အခြားမထင်သကဲ့သို့ မည်သည့်နည်းလမ်းနှင့် လုပ်ရပ်မျိုးကမျှ ပျက်ပြားအောင်လုပ်၍ မရဘူးဆိုသည်ကို သက်သေပြနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာပြည်သူများ၊ မြန်မာနိုင်ငံအတွင်း၌ရှိကြသည့် တရုတ်-မြန်မာအသင်းအဖွဲ့များ၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသားများအနေဖြင့် နိုင်ငံချစ်စိတ်များ၊ အေးအတူပူအမျှ အတူတူနေထိုင်သွားကြမည်ဆိုသည့်စိတ်များနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ကြပြီး တရုတ်-မြန်မာနှစ်နိုင်ငံကို ခိုင်မာသည့်ထာဝရအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအားလုံးက ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၅ ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သည် တရုတ်လူမျိုးတို့၏ အရေးအကြီးဆုံး ပွဲတော်ဖြစ်ပြီး မြွေနှစ်ကိုပျော်ရွှင်စွာကြိုဆိုရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် တရုတ်လူမျိုးများသည် တောတောင်ရေမြေများကို ကျော်ဖြတ်ပြီး သာယာလှပသည့် မြန်မာနိုင်ငံသို့ရောက်ရှိလာကြကာ စီးပွားရေးအသက်မွေးဝမ်းကျောင်းများလုပ်ကိုင်၍ အေးချမ်းစွာအခြေချနေထိုင်ခဲ့ကြပါကြောင်း၊၎င်းတို့သည် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသည့် မြန်မာပြည်ဟူသည့် မိသားစုကြီးနှင့် တက်ကြွစွာ ပေါင်းစပ်နေထိုင်ကြပြီး မြန်မာနိုင်ငံစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် အရေးပါသည့်ပါဝင်ဆောင်ရွက်သူ၊ ပေးဆပ်သူများဖြစ်ကြပါကြောင်း၊ ယခုနှစ်များအတွင်း နှစ်နိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ဘာသာရေးစသည့်နယ်ပယ်အသီးသီးတွင် အပြန်အလှန်ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်မှုကိုကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုနှစ်သည် တရုတ်နှင့်မြန်မာ သံတမန်ဆက်ဆံရေးထူထောင်သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဂရုစိုက်မှုနှင့်အတူ နှစ်နိုင်ငံအကြားဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုအကျိုးရှိသောရလဒ်များကို ဖြစ်ထွန်းစေပြီး အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ခြင်းအတွက် တိုးတက်မှုအသစ်များရရှိပြီး နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများစွာဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊နှစ်သစ်တွင်မိမိတို့ အတူလက်တွဲပြီး တရုတ်-မြန်မာအေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ဆက်လက်ပါဝင်ကြပြီး

**စာမျက်နှာ ၂၂ သို့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်)သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က ၂၀၂၂ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ မူကြိုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း တည်ဆောက်ရန် လျာထားမှုနှင့် လက်ရှိတက်ရောက်နေမှု၊ အားကစားကွင်းများနှင့် ကလေးကစားကွင်းများ ထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အိမ်ရာဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းနှင့် မြေအသုံးချမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က **မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန်လို**ကြောင်း၊ အိမ်ရာအတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် စီမံကိန်းလိုအပ်ချက်နှင့်ကိုက်ညီသည့် ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းတစ်ခုကိုလည်း စနစ်တကျတွက်ချက်၍ ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာများဆောက်လုပ်ရာတွင် မြေကို အကျိုးရှိရှိနှင့် အကွက်ကျကျအသုံးချနိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်ထိ အိမ်ရာဝင်းတစ်ခုအတွင်း၌ပင် အိမ်ခန်း ၄၀၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ငယ်တစ်မြို့ကဲ့သို့ ဖြစ်လာပြီဖြစ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရန်လိုကြောင်းဖြင့် ပြောကြားပြီး အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာသန့်ရှင်းသာယာလှပရေး၊ ရေသွင်းရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူများအား မှာကြားပြီး အိမ်ရာတွင်နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)တွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။


ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား)နှင့် တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူတို့က စီမံကိန်း အကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရာနှုန်းပြည့်ပြီးစီးပါက မြင်တွေ့ရမည့်ပုံစံများ၊ အဓိကကျသည့် လုပ်ငန်းကြီးများ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ယခု Shopping Complex ကို ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ပြည်သူများနှင့် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်)တွင် နေထိုင်သူများ၏ လူနေမှုအဆင့်မြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရေ၊ မီးစနစ်များ အသုံးပြုရန်အတွက် လိုအပ်သည့်လျှပ်စစ်မီးအချိန်ပြည့်ရရှိစေရေး Roof Top တွင် ဆိုလာပြားတပ်ဆင်ရန်နှင့် စီမံကိန်းမြေနေရာ၏ အခြားမြေလွတ်နေရာများတွင်လည်း ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များကိုလည်း ယခုကတည်းကပင် စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ ရေထုတ်စနစ်များကောင်းမွန်စေရေးအတွက်လည်း တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊မြို့အတွင်းရှိ လမ်းများအနေဖြင့်လည်း လမ်းနယ်များစနစ်တကျရှိရမည်ဖြစ်ပြီး ရေဝင်ရေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်းဖြင့်မှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊

**စာမျက်နှာ ၂၀ သို့**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(အငြိမ်းစား)က ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ငွေပင်လယ် အသားတိုးနွားမွေးမြူရေးလုပ်ငန်းတို့၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထွက်ရှိလာသည့် သား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား သက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်မှု၊ အအေးခန်းစက်ရုံ(လှိုင်သာယာ)၏ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စွန်ရဲအင်းမွေးမြူရေးဇုန်၌ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ ဆိတ်မွေးမြူနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် အစာစပ်စက်ရုံ တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ဒေသတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး စားရေးဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းများ၌သာမက ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင်မွေးမြူရေးသည်ပင် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုပြီး အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးအစာကုန်ကြမ်းများ မပြတ်ရရှိရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ဟင်းသီးဟင်းရွက်များဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံစားကုန်များကို များများထုတ်လုပ်နိုင်မှသာလျှင် ကုန်ဈေးနှုန်း ကြီးမြင့်မှုများသည်လည်း လျော့ကျလာမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာ သမားရိုးကျနည်းလမ်းများဖြင့် မွေးမြူခြင်းထက် စနစ်ကျနသည့်စိုက်ပျိုးမွေးမြူရေးဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် အောင်မြင်နေသည့် နိုင်ငံများ၏ စိုက်ပျိုးရေးနည်းလမ်းများ၊ မွေးမြူရေးနည်းလမ်းများကိုလည်း အမြဲမပြတ်လေ့လာ၍ အတုယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာပြသထားရှိမှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု၊ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အုပ်ချုပ်ပုံနည်းစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပြည်သူတစ်ရပ်လုံးက လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး တပ်မတော်ကဖော်ဆောင်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့်ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုတို့ကို ဦးစွာရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရန်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မည်သည့်တပ်ဖွဲ့၊ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ရေးသတိ၊ စစ်ရေးအသိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများက သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိထိရောက်အောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ သင်ကြားပေးထားသည့် အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရန်အတွက် အမြဲမပြတ်လေ့ကျင့်နေရမည်ဖြစ်ပြီး အသက်အရွယ်နှင့်ညီမျှသည့် ကျန်းမာကြံ့ခိုင်မှုများနှင့် သန်စွမ်းမှုများရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်လာပါက မိမိတို့၏ တာဝန်များကို ရဲရဲဝံ့ဝံ့ဖြင့် ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး လုပ်ရဲကိုင်ရဲသည့်စိတ်များနှင့် လုပ်ချင်ကိုင်ချင်စိတ်များရှိရန်လိုကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်း ကိုင်တွယ်အသုံးပြုရသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်သဖြင့် မိမိတို့၏ စစ်သားဘဝကို ခုံမင်မြတ်နိုးတန်ဖိုးထားရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့်အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြသဖြင့် အများသူငါလုပ်ဆောင်နိုင်ရန်ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးလေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လုပ်ဆောင်ရမည့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန်လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ "လေ့လာ၊လေ့ကျင့်၊လိုက်နာ" ဟူသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ **မည်သည့်လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက သူတစ်ပါး၏နောက်တွင်ကျန်နေခဲ့မည်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့လာအားထုတ်သွားကြရန် မှာကြားလို**ကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့် ပတ်သက်လာပါက "ချွေးထွက်များမှ သွေးထွက်နည်းမည်"ဖြစ်သဖြင့် **စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

> **မည်သည့်လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက သူတစ်ပါး၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့လာအားထုတ်သွားကြရန် မှာကြားလို၊ စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ် . . .**

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ညီညွတ်မှုတသည့် အုပ်ချုပ်ကွပ်ကဲမှုပုံစံရှိရမည်ဖြစ်ပြီး လူတို့၏ သဘောသဘာဝကိုသိရှိခြင်းဖြင့် လုပ်ငန်းများကိုအောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ ကျောရိုးသည် စည်းကမ်းဖြစ်ပြီး စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကိုလုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်၊ မဖြစ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှု ညီညွတ်မှုတကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိရေးသည် ဆက်စပ်လျက်ရှိပြီး အုပ်ချုပ်မှုအားကောင်းခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုကောင်းလာမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့ကို ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကိုအကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကိုဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့် အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့ပြီး အမြတ်ကို အဓိကမဟုတ်ဘဲ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဝယ်ယူစားသုံးနိုင်ရေး အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိတို့တစ်မိသားစုချင်းနှင့် မိမိတို့တပ်ဖွဲ့၏ သက်သာချောင်ချိမှုကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တပ်ဖွဲ့တွင်း ရောင်းချပြီး ပိုလျှံသည်များကို ပြင်ပမှ ဝန်ထမ်းများ၊ ဒေသခံများသို့

စာမျက်နှာ ၂၂ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်စဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခြင်းဖြင့်လည်း ဒေသ၏သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

တပ်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး ကောင်းမွန်သည့် စိတ်ဓာတ်မွေးမြူရန်သည် စစ်သည်တစ်ဦးတစ်ယောက်ချင်းစီတွင် တာဝန်ရှိကြောင်း၊ ကွပ်ကဲကြပ်မတ်ရန်တာဝန်ရှိသူများအနေဖြင့်လည်း လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊သက်သာချောင်ချိရေးတို့ကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များစိတ်ဓာတ်ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများ၊ အခါအားလျော်စွာကျင်းပသည့် ပျော်ပွဲရွှင်ပွဲများ၊ ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုတတ်နိုင်သရွေ့ ဖြည့်ဆည်းပေးခြင်းများဖြင့် စိတ်ဓာတ်ကောင်းမွန်မှုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

တစ်ဦးချင်းစီ၏ အရည်အသွေးတိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာသွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် မိမိကိုယ်ကိုအကျိုးဖြစ်စေနိုင်မည့်စာပေဗဟုသုတလေ့လာခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာများကိုမှတ်သားခြင်း၊ လက်တွေ့ကြုံတွေ့လာရသည့်အခြေအနေတွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိအသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့သိရှိထားသည့် အကြောင်းအရာများကို အခြားသူများကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ “ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်” ဖြစ်သကဲ့သို့ စာမတတ်လျှင် တစ်သက်လုံးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးအတွက် အခက်အခဲများ ကြုံတွေ့ရနိုင်မည်ဖြစ်သဖြင့် စာပေဖတ်မှတ်လေ့လာခြင်းကို အမြဲမပြတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)

**စာမျက်နှာ ၁၈ မှအဆက်**

တရုတ်-မြန်မာနှစ်နိုင်ငံ၏ လှပသည့် အနာဂတ်ကို အတူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်သာယာဝပြောပြီး ငြိမ်းချမ်းပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆုမွန်ကောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံမှ အထူးလာရောက်ဖျော်ဖြေသည့် တယ်ဟုန်စာပေနှင့် အနုပညာယဉ်ကျေးမှုအဖွဲ့က ဖျော်ဖြေတင်ဆက်ခြင်း၊ ရှောင်လင်ကိုယ်တော်များက သိုင်းသရုပ်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီယဉ်ကျေးမှုအဖွဲ့နှင့်အနုပညာရှင်များက အဆိုအကများ၊ တေးသရုပ်ဖော်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တရုတ်ယဉ်ကျေးမှုအဖွဲ့များက တရုတ်ရိုးရာတေးသီချင်းများ၊ တူရိယာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေခြင်းများ၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများ ဆောင်ရွက်ကြပြီး သီဆိုဖျော်ဖြေရာတွင် UNESCO မှ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပထမဆုံးထည့်သွင်းခဲ့သည့်အတွက် ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်အနေဖြင့် မြဝတီတေးဂီတအဖွဲ့က**“ခေတ်လေးခေတ်”** သင်္ကြန်သီချင်းဖြင့် ဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံမှလာရောက်သည့် တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များကို အမှတ်တရ လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာအနုပညာရှင်များနှင့်ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်-မြန်မာ ချစ်ကြည်ရေး Theme Song ဖြစ်သည့် **“ပန်းတိုင်းပွင့်ပါစေ”**သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရေနံချောင်းမြို့အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့ မွန်းလွဲ ၁ နာရီ ၄၁ မိနစ် ၂၄ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၅၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရေနံချောင်းမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၂ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Busယာဉ်များနှင့် နှစ်တန်နှင့်အထက်အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ် သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ

(၂၅-၁-၂၀၂၅)

| | | | | | |
|---|---|---|---|---|---|
| နမ့်စန် | ၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၄ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော် တစ်ပါး ပေါ်ထွန်းတော်မူခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၄-၁၂-၂၀၂၄ ရက်မှ ၂၅-၁-၂၀၂၅ ရက်ထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်သေဋ္ဌညာဏာလင်္ကာရ သက်တော် ၄၅ နှစ် သိက္ခာ ၂၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ ၁၇ ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ ၇၇ ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ ၇၆ ကြိမ်ထိ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ ၇၆ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၆ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၆ ခုနှစ် ၂၀၂၅ ခုနှစ် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၇ ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို "တိပိဋကဓရ"ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ"ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲဖြေဆိုရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားရာဇာတိနှင့်ဖွားသက္ကရာဇ်**

အရှင်သေဋ္ဌညာဏာလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာ ခမည်းတော် ဦးတင်စော+ မယ်တော်ဒေါ်အုံးခတို့မှ ၁၃၄၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက် သောကြာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

၁၃၆၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၇ မိုင် စော်ဘွားလေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုလ္လာစာရကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၇ မိုင် မလိခလမ်း၁၁(က)ဦးထူးအောင်ကြီး+ဒေါ်ပြုံးပြုံးထွေး မိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာဒေါ်စောကြွယ်နှင့်ဦးတင်စော+ဒေါ်အုံးခ မိသားစု၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်း၊ဦးအောင်ကြီး+ဒေါ်မိုးမိုးအောင်မြနန္ဒာ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မိသားစု၊သုံးခွမြို့ ဦးစန်းမြင့်+ဒေါ်အေးပိုမိသားစု၊ ရဲမှူးကြီးချစ်ရင်+ ဒေါ်ခင်စန်းမြင့်မိသားစု၊ ဦးကျင်စိန်+ဒေါ်နီနီအေး၊ သမီး မမော်လီလင်း (သ-ဖထရေးဒင်းကုမ္ပဏီလီမိတက်)မိသားစု၊ဦးမိန်သက်+ဒေါ်သန်းသန်းမော်၊(သရီးဂိုလ်းစတားကုမ္ပဏီ)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

**ကျေးဇူးရှင်ဆရာတော်ကြီးများ**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာ ဥပ္ပလ္လင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၇ မိုင် စော်ဘွားလေးကျောင်းဆရာတော် ဘဒ္ဒန္တကုလ္လာစာရ၊ဘဒ္ဒန္တဇောတိကနှင့်စာချဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ဘဒ္ဒန္တကဝိဓဇ၊ဘဒ္ဒန္တညာဏိဿရ၊အရှင်ညာဏကုသလ(ဥဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်စန္ဒန(ဒွိပိဋကကောဝိဒ၊မူလအာဘိဓမ္မိက)၊ အရှင်ကုလ္လဓေ္ဘာဘာသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ပညာဝံသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊မူလအာဘိဓမ္မိက)၊အရှင်သိရီဒတ္တာလင်္ကာရ (ဒွိပိဋကကောဝိဒ)၊ အရှင်ကုလ္လာဓမ္မ၊ အရှင်ပညာစာရ၊ အရှင်ဝေပုလ္လာလင်္ကာရ(ဒွိပိဋကဓရ၊ပါဠိပါရဂူ)၊အရှင်ဓမ္မရက္ခိတာလင်္ကာရ (ဝိသိဋ္ဌဝိနယဓရ၊ ဥဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်ကုလ္လာဝုဓာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီတလ(ဒွိပိဋကဓရ)၊ အရှင်ဝါသေဋ္ဌာလင်္ကာရ(တိပိဋကဓရ)၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ပဓာနနာယက ဘဒ္ဒန္တသောဘဏ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တတေဇနိယ(ပဋ္ဌာန်းအလင်းရောင်)၊ဘဒ္ဒန္တပဝရာဘိဝံသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ (သ-စ-အ ဓမ္မာစရိယ၊ဝင်္ဂသကာ)နှင့် စာချဘုန်းကြီးများ၊ရန်ကင်းတောင် ဥယျာဉ်စာသင်တိုက်ဆရာတော်ဘဒ္ဒန္တဇောတိက(အမ်အေ)နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ဘဒ္ဒန္တသြဘာသာဘိဝံသ(ဒွိပိဋကကောဝိဒ ဝိသိဋ္ဌမူလအာဘိဓမ္မိက)၊ ဘဒ္ဒန္တကုလ္လနက အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်အုန်းတော၊ ဘဒ္ဒန္တဝိရောစန မဟာသုခါရာမကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ဘဒ္ဒန္တနာဂိတ ရွှေပြည်သာပရိယတ္တိစာသင်တိုက် ရွှေပြည်သာမြို့နယ် စသည့်ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

**အမြင့်ဆုံး အောင်မြင်ခဲ့သော စာမေးပွဲများ**

ဂဏဝါစကသာမဏေကျော် ၁၃၅၈ ခုနှစ်၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော် ၁၃၅၈ ခုနှစ်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော် ၁၃၅၉ ခုနှစ်၊မင်္ဂလာဗျူဟာသာမဏေကျော် ၁၃၆၀ ပြည့်နှစ်၊ ပရိယတ္တိသာသနဟိတ သာမဏေကျော်ဘွဲ့များ ၁၃၆၀ ပြည့်နှစ်၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း(ရန်ကုန်တိုင်းဒေသကြီးပထမ၊ တစ်နိုင်ငံလုံးဒုတိယ)၊သာသနဓဇဓမ္မာစရိယ ၁၃၆၂ ခုနှစ်၊ နိကာယဓ္ဓဇောတကဝိနယဓရဓမ္မာစရိယ ၁၃၆၉ ခုနှစ်၊နိကာယဓ္ဓဇောတကအတ္ထဝိသာရဒဒီဃဘာဏက ၁၃၇၁ ခုနှစ်၊နိကာယဝုမ္ဗိသမိတိဝိနယကောဝိဒ ၁၃၇၀ ပြည့်နှစ်၊နိကာယဝုမ္ဗိသမိတိဒီဃနိကာယကောဝိဒ ၁၃၇၃ ခုနှစ်၊ပရိယတ္တိသာသနဟိတဝိနယဓရ ၁၃၆၉ ခုနှစ်၊ပရိယတ္တိသာသနဟိတဒီဃဘာဏက ၁၃၇၁ ခုနှစ်၊ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ ၁၃၇၃ ခုနှစ်၊မဟာဂန္ထဝံသမူလအဘိဓမ္မာဂမ ၁၃၇၇ ခုနှစ်၊ဝိနယဝိဒူ ၁၃၆၁ ခုနှစ်၊ ဒီဃနိကာယဝိဒူ ၁၃၇၁ ခုနှစ်၊အဘိဓမ္မဝိဒူ-၁(၁၃၈၃) ခုနှစ်၊အဘိဓမ္မဝိဒူ-၂(၁၃၈၅)ခုနှစ်၊ ဥဘတောဝိဘင်္ဂဓရ ၁၃၆၃ ခုနှစ်၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၃၆၇ ခုနှစ်၊ ဝိနယဓရ ၁၃၆၉ ခုနှစ်၊ဝိနယကောဝိဒ ၁၃၇၀ ပြည့်နှစ်၊ဒီဃဘာဏက ၁၃၇၁ ခုနှစ်၊ ဒီဃနိကာယကောဝိဒ ၁၃၇၃ ခုနှစ်၊မူလအာဘိဓမ္မိက ၁၃၇၄ ခုနှစ်၊ မူလအာဘိဓမ္မကောဝိဒ ၁၃၇၇ ခုနှစ်နှင့် တိပိဋကဓရဘွဲ့ ၁၃၇၉ ခုနှစ်တို့ကို အောင်မြင်ခဲ့ပါသည်။

**အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်**

ယခုနှစ် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်းသဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်**

ယခုအခါ အရှင်သေဋ္ဌညာဏာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံကိုအာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါအောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့ အထက်တန်းခရီးသွားလက်မှတ်(ရာသက်ပန်)(တပည့်နှစ်ဦးအပါအဝင်) ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်း များနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဘန်းယဉ်မြို့နှင့်ကလောမြို့တို့၌လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံ၊ ဆီဆိုင်မြို့ပြည်သူ့ဆေးရုံ၊ အေးသာယာမြို့ ပြည်သူ့ဆေးရုံနှင့် အောင်ပန်းမြို့ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ(သဘောရေးဖြေ) အောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၅**

၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်(စနေနေ့) ၂၅-၁-၂၀၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့တို့၏ (၂/၇၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည်-

**သဘောရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်း သဘောရေးဖြေအောင်**
**အဘိဓမ္မကောဝိဒ တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး**

၁။ ပလ္လင်အမှတ် (၂၇၄) အရှင်သေဋ္ဌဉာဏာလင်္ကာရ အသက် ၄၅ နှစ် သိက္ခာ ၂၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

**သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ နှစ်ပါး**

၁။ ပလ္လင်အမှတ် (၃၁၅) အရှင်ပညာဓဇာလင်္ကာရ အသက် ၃၉ နှစ် သိက္ခာ ၁၉ ဝါ တိပိဋကနိကာယကျောင်းတိုက် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂။ ပလ္လင်အမှတ် (၃၂၂) အရှင်စန္ဒောဘာသာလင်္ကာရ အသက် ၃၆ နှစ် သိက္ခာ ၁၆ ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင်**
**ဝိနယကောဝိဒ တစ်ပါး**

၁။ ပလ္လင်အမှတ် (၃၈၃) အရှင်လာဘသာမီလင်္ကာရ အသက် ၃၂ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကနိကာယကျောင်းတိုက် ရွှေင်မြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)။

**ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး**

၁။ ပလ္လင်အမှတ် (၃၉၂) အရှင်နန္ဒိယ အသက် ၄၀ နှစ် သိက္ခာ ၂၀ ဝါ တိပိဋကစုဆန်းလီကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂။ ပလ္လင်အမှတ် (၄၄၅) အရှင်လက္ခဏာလင်္ကာရ အသက် ၃၆ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ် (၄၅၅) အရှင်သိရီဉာဏာလင်္ကာရ အသက် ၃၅ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၄။ ပလ္လင်အမှတ် (၄၆၉) အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ အသက် ၃၂ နှစ် သိက္ခာ ၁၃ဝါ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်း မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး၊

၅။ ပလ္လင်အမှတ် (၄၇၅) အရှင်တိလောကာလင်္ကာရ အသက် ၃၂ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၆။ ပလ္လင်အမှတ် (၄၉၂) အရှင်ဇဝန အသက် ၃၂ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၇။ ပလ္လင်အမှတ် (၄၉၇) အရှင်အဂ္ဂဉာဏာလင်္ကာရ အသက် ၃၁ နှစ် သိက္ခာ ကိုးဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

| | |
|---|---|
| **ဘဒ္ဒန္တပညိသရာဘိဝံသ** | **ဘဒ္ဒန္တဥေ္တယျာဘိဝံသ** |
| **အဘိဓဇမဟာရဋ္ဌဂုရု** | **အဂ္ဂမဟာပဏ္ဍိတ** |
| **ဥက္ကဋ္ဌဆရာတော်** | **အကျိုးတော်ဆောင်ဆရာတော်** |

**တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့**

# ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ(အာဂုံပြန်)အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၅**

၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်(ကြာသပတေးနေ့) ၁၆-၁-၂၀၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန်အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြုလိုက်သည်-

**သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်း အာဂုံအောင်**
**ဒီဃဘာဏက ၁၁ ပါး**

၁။ ပလ္လင်အမှတ်(၇) အရှင်ဇနပ္ပိယာလင်္ကာရ အသက် ၃၉ နှစ် သိက္ခာ ၁၉ဝါ တိပိဋကနိကာယ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၂။ ပလ္လင်အမှတ်(၉) အရှင်တိလောက အသက် ၃၈ နှစ် သိက္ခာ ၁၇ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ်(၁၀) အရှင်သီလာနန္ဒာလင်္ကာရ အသက် ၃၇ နှစ် သိက္ခာ ၁၆ ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၄။ ပလ္လင်အမှတ်(၁၁) အရှင်ပညာသာရာလင်္ကာရ အသက် ၃၃ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊**(ဝိသိဋ္ဌ)**

၅။ ပလ္လင်အမှတ်(၁၂) အရှင်ဝိသုတာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၆။ ပလ္လင်အမှတ်(၁၃) အရှင်ဝိလာသ(တွံတေး) အသက် ၃၈ နှစ် သိက္ခာ ၁၉ ဝါ ပိဋကသုံးပုံနိကာယ် စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၇။ ပလ္လင်အမှတ်(၁၄) အရှင်ဣန္ဒကာလင်္ကာရ အသက် ၃၆ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကစုဆန်းလီ ကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၈။ ပလ္လင်အမှတ်(၁၅) အရှင်ဝိမလာလင်္ကာရ(ရွှေဘို)အသက် ၃၃ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကနိကာယ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၉။ ပလ္လင်အမှတ်(၁၆) အရှင်ဝိညာဏဇောတ အသက် ၃၃ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ **(ဝိသိဋ္ဌ)**

၁၀။ ပလ္လင်အမှတ်(၁၇) အရှင်ပညာသာမီလင်္ကာရ အသက် ၃၃ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၁။ ပလ္လင်အမှတ်(၁၈) အရှင်မဏ္ဍလာလင်္ကာရ အသက် ၃၂ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကနိကာယ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။

**ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ ၂၉ ပါး**

၁။ ပလ္လင်အမှတ်(၂၇) အရှင်ဉာဏုတ္တရာဘိဝံသ အသက် ၃၅ နှစ် သိက္ခာ ၁၅ ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂။ ပလ္လင်အမှတ်(၂၈) အရှင်ခေမိန္ဒ(မြိတ်) အသက် ၃၅ နှစ် သိက္ခာ ၁၅ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ်(၃၁) အရှင်သောမသိရီ အသက် ၃၄ နှစ် သိက္ခာ ၁၅ ဝါ တိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၄။ ပလ္လင်အမှတ်(၃၈) အရှင်ဝိသုတ အသက် ၃၃ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၅။ ပလ္လင်အမှတ်(၃၉) အရှင်ဓမ္မိကာလင်္ကာရအသက် ၃၃ နှစ်သိက္ခာ ၁၄ ဝါဓမ္မအလင်္ကာကျောင်းတိုက် လှိုင်ကော်မြို့ ကယားပြည်နယ်၊

၆။ ပလ္လင်အမှတ်(၄၄) အရှင်တေဇောဘာသ အသက် ၃၂ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကနိကာယ ကျောင်းတိုက် ရွှေင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

၇။ ပလ္လင်အမှတ်(၄၇) အရှင်ပညာဇောတာလင်္ကာရ အသက် ၃၄ နှစ် သိက္ခာ ၁၁ ဝါ တိပိဋကနိကာယ ကျောင်းတိုက် ရွှေင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

၈။ ပလ္လင်အမှတ်(၅၁) အရှင်ပဏ္ဍိတ အသက် ၃၃ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာသစ္စာအောင်မြေ ကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၉။ ပလ္လင်အမှတ်(၅၃) အရှင်ဇဝန အသက် ၃၀ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၀။ ပလ္လင်အမှတ်(၅၅) အရှင်ဥတ္တမာလင်္ကာရ အသက် ၃၂ နှစ် သိက္ခာ ကိုးဝါ ရွာမပရိယတ္တိစာသင် တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၁။ ပလ္လင်အမှတ်(၅၆) အရှင်တေဇနိယာလင်္ကာရ အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကနိကာယ ကျောင်းတိုက် ရွှေင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

၁၂။ ပလ္လင်အမှတ်(၅၇) အရှင်ကဝိနန္ဒ အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၁၃။ ပလ္လင်အမှတ်(၅၈) အရှင်နေမိန္ဒာလင်္ကာရ အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၄။ ပလ္လင်အမှတ်(၅၉) အရှင်ဝိဇာတာလင်္ကာရ အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၅။ ပလ္လင်အမှတ်(၆၀) အရှင်ကိတ္တိဉာဏာလင်္ကာရ အသက် ၂၈ နှစ် သိက္ခာ ကိုးဝါ ရွာမပရိယတ္တိစာသင် တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၆။ ပလ္လင်အမှတ်(၆၁) အရှင်ဉာဏောဘာသာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကမဟာ ဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်း ဒေသကြီး၊

၁၇။ ပလ္လင်အမှတ်(၆၂) အရှင်နန္ဒဝံသာလင်္ကာရ အသက် ၂၈ နှစ် သိက္ခာ ခုနစ်ဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၈။ ပလ္လင်အမှတ်(၈၁) အရှင်ခေမာနန္ဒ အသက် ၃၆ နှစ် သိက္ခာ ၁၆ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၉။ ပလ္လင်အမှတ်(၉၄) အရှင်ဩဘာသ အသက် ၃၃ နှစ် သိက္ခာ ၁၃ ဝါ မင်းကွန်းဓမ္မရောင်ခြည်ကျောင်း တိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၀။ ပလ္လင်အမှတ်(၉၇) အရှင်သီလာနန္ဒာလင်္ကာရ အသက် ၃၃ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၁။ ပလ္လင်အမှတ်(၁၀၀) အရှင်ခေမာနန္ဒ(နတ်တလင်း) အသက် ၃၂ နှစ် သိက္ခာ ၁၁ ဝါ တိပိဋကနိကာယ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၂၂။ ပလ္လင်အမှတ်(၁၀၄) အရှင်ဆန္ဒာဓိကာလင်္ကာရ အသက် ၃၂ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၃။ ပလ္လင်အမှတ်(၁၁၂) အရှင်သံဝရ အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှေင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

**စာမျက်နှာ ၂၅ သို့**

## ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၄ | ၄ | ၁ | ၂၅% |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၁၇ | ၁၅ | - | |
| ၃ | ဒီဃနိကာယ် | ၃၈ | ၃၅ | ၂ | ၅.၇၁% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၁ | ၁.၈၉% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၂၆ | ၁၁၃ | ၇ | ၆.၁၉% |
| | **စုစုပေါင်း** | **၂၄၃** | **၂၂၀** | **၁၁** | ၅% |

## ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (အာဂုံ)စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင်ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၁ | ၁ | - | |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၄ | ၁ | - | |
| ၃ | ဒီဃနိကာယ် | ၁၃ | ၁၁ | ၁၁ | ၁၀၀% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၁၁၉ | ၇၃ | ၂၉ | ၃၉.၇၃% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၃၃ | ၉၁ | ၄၆ | ၅၀.၅၅% |
| | **စုစုပေါင်း** | **၂၇၀** | **၁၇၇** | **၈၆** | ၄၈.၅၉% |

**စာမျက်နှာ ၂၄ မှအဆက်**

၂၄။ ပလ္လင်အမှတ်(၁၁၆) အရှင်ကဝိဿရ အသက် ၂၈ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၅။ ပလ္လင်အမှတ်(၁၁၈) အရှင်သောဘိတာလင်္ကာရ(သန်လျင်) အသက် ၂၇ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၆။ ပလ္လင်အမှတ်(၁၁၉) အရှင်အာသဘာလင်္ကာရ အသက် ၂၇ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၇။ ပလ္လင်အမှတ်(၁၂၀) အရှင်ဣန္ဒဝံသ အသက် ၃၂ နှစ် သိက္ခာ ခုနစ်ဝါ တိပိဋကစုဆန်းလီကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၈။ ပလ္လင်အမှတ်(၁၂၁) အရှင်ဓမ္မိဿရာလင်္ကာရ အသက် ၂၉ နှစ် သိက္ခာ ခုနစ်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၉။ ပလ္လင်အမှတ်(၁၂၄) အရှင်သုန္ဒရာလင်္ကာရ အသက် ၂၆ နှစ် သိက္ခာ ခြောက်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

### ဝိနယပိဋက ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး

၁။ ပလ္လင်အမှတ်(၁၄၁) အရှင်ကုသလာလင်္ကာရ အသက် ၃၅ နှစ် သိက္ခာ ၁၅ ဝါ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၂။ ပလ္လင်အမှတ်(၁၄၂) အရှင်ဣန္ဒာစာရ(ပုဂံ) အသက် ၃၄ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ်(၁၄၃) အရှင်မင်္ဂလ အသက် ၃၄ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊**(အထူးအောင်)**

၄။ ပလ္လင်အမှတ်(၁၄၄) အရှင်သုမင်္ဂလ အသက် ၃၄ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကနိကာယကျောင်းတိုက် ရွှာင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

၅။ ပလ္လင်အမှတ်(၁၄၅) အရှင်ကောဝိဒသိရီ အသက် ၃၄ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၆။ ပလ္လင်အမှတ်(၁၄၉) အရှင်ရာဇိန္ဒ အသက် ၃၂ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၇။ ပလ္လင်အမှတ်(၁၅၀) အရှင်ဓမ္မဝံသာလင်္ကာရ အသက် ၃၂ နှစ် သိက္ခာ ၁၂ ဝါ မဟာခိုနန်းကျောင်းတိုက် လင်းဇင်းရပ် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၈။ ပလ္လင်အမှတ်(၁၅၁) အရှင်ဝိသေဋ္ဌ အသက် ၃၂ နှစ် သိက္ခာ ၁၁ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၉။ ပလ္လင်အမှတ်(၁၅၃) အရှင်ဝိသေသန အသက် ၃၀ နှစ် သိက္ခာ ၁၀ ဝါတိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၁၀။ ပလ္လင်အမှတ်(၁၅၄) အရှင်အဂ္ဂဉာဏာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ၁၀ ဝါ ရွှေဒါးတောရကျောင်းတိုက် ရမည်းသင်းမြို့ မန္တလေးတိုင်းဒေသကြီး၊

၁၁။ ပလ္လင်အမှတ်(၁၅၅) အရှင်အင်္ဂီရသ အသက် ၃၀ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၂။ ပလ္လင်အမှတ်(၁၅၉) အရှင်ဝရပညာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ကိုးဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၁၃။ ပလ္လင်အမှတ်(၁၆၀) အရှင်နေမိန္ဒာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ကိုးဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၁၄။ ပလ္လင်အမှတ်(၁၆၁) အရှင်ဝိသုတ အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၁၅။ ပလ္လင်အမှတ်(၁၆၅) အရှင်ဓမ္မိဿရာလင်္ကာရ အသက် ၂၈ နှစ် သိက္ခာ ရှစ်ဝါ ဆင်ဖြူစာသင်တိုက် မော်လမြိုင်မြို့ မွန်ပြည်နယ်၊

၁၆။ ပလ္လင်အမှတ်(၁၆၆) အရှင်တေဇာနန္ဒ အသက် ၂၈ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၁၇။ ပလ္လင်အမှတ်(၁၆၇) အရှင်ပညာလောက(မွန်) အသက် ၂၇ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၁၈။ ပလ္လင်အမှတ်(၁၆၈) အရှင်ဆန္ဒာဓိကာလင်္ကာရ အသက် ၃၁ နှစ် သိက္ခာ ခုနစ်ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၁၇၁) အရှင်ပညာသာမိ အသက် ၂၆ နှစ် သိက္ခာ ခုနစ်ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၂၀။ ပလ္လင်အမှတ်(၁၈၇) အရှင်ဝင်္ဂီသ အသက် ၃၅ နှစ် သိက္ခာ ၁၄ ဝါ တိပိဋကနိကာယကျောင်းတိုက် ရွှာင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

၂၁။ ပလ္လင်အမှတ်(၁၈၉) အရှင်ပညာနန္ဒ အသက် ၃၉ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၂။ ပလ္လင်အမှတ်(၁၉၀) အရှင်ခေမာစာရ အသက် ၃၄ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကစုဆန်းလီကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၃။ ပလ္လင်အမှတ်(၁၉၂) အရှင်ဣန္ဒသိရီ အသက် ၃၃ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၄။ ပလ္လင်အမှတ်(၂၀၀) အရှင်ဂန္ဓသာရ အသက် ၃၀ နှစ် သိက္ခာ ၁၁ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၅။ ပလ္လင်အမှတ်(၂၀၁) အရှင်အာစိဏ္ဏာလင်္ကာရ အသက် ၃၃ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၆။ ပလ္လင်အမှတ်(၂၀၅) အရှင်ဝိမလ(နတ်မောက်) အသက် ၂၉ နှစ် သိက္ခာ ကိုးဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၂၇။ ပလ္လင်အမှတ်(၂၀၆) အရှင်ကုမုဒ အသက် ၂၈ နှစ် သိက္ခာ ကိုးဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၂၈။ ပလ္လင်အမှတ်(၂၀၇) အရှင်ဇနသာရာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ရှစ်ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊

၂၉။ ပလ္လင်အမှတ်(၂၀၈) အရှင်သီဟဉာဏ အသက် ၂၈ နှစ် သိက္ခာ ရှစ်ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၀။ ပလ္လင်အမှတ်(၂၀၉) အရှင်စန္ဒိမာလင်္ကာရ အသက် ၂၆ နှစ် သိက္ခာ ခုနစ်ဝါ တိပိဋကနိကာယကျောင်း တိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃၁။ ပလ္လင်အမှတ်(၂၁၀) အရှင်ဇေယျာနန္ဒာလင်္ကာရ အသက် ၂၈နှစ် သိက္ခာ ခြောက်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၂။ ပလ္လင်အမှတ်(၂၁၃) အရှင်သုန္ဒရာလင်္ကာရ အသက် ၂၇ နှစ် သိက္ခာ ငါးဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၃။ ပလ္လင်အမှတ်(၂၁၄) အရှင်ဉာဏိန္ဒာလင်္ကာရ အသက် ၂၅ နှစ် သိက္ခာ ငါးဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၄။ ပလ္လင်အမှတ်(၂၁၆) အရှင်ဉာဏဝရာလင်္ကာရ အသက် ၂၅ နှစ် သိက္ခာ ငါးဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၅။ ပလ္လင်အမှတ်(၂၁၇) အရှင်ခေမာနန္ဒာလင်္ကာရ အသက် ၂၄ နှစ် သိက္ခာ သုံးဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၆။ ပလ္လင်အမှတ်(၂၃၆) အရှင်ပညာဝံသာလင်္ကာရ အသက် ၃၃ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃၇။ ပလ္လင်အမှတ်(၂၃၈) အရှင်သိဒ္ဓိဝရ အသက် ၃၂ နှစ် သိက္ခာ ၁၃ ဝါ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊

၃၈။ ပလ္လင်အမှတ်(၂၃၉) အရှင်ကုသလ အသက် ၃၃ နှစ် သိက္ခာ ၁၂ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၃၉။ ပလ္လင်အမှတ်(၂၄၄) အရှင်ခေမာစာရာလင်္ကာရ အသက် ၃၁ နှစ် သိက္ခာ ၁၀ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၄၀။ ပလ္လင်အမှတ်(၂၄၈) အရှင်ကောမလာလင်္ကာရ အသက် ၃၀ နှစ် သိက္ခာ ကိုးဝါ ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၄၁။ ပလ္လင်အမှတ်(၂၅၁) အရှင်ဉာဏိကာလင်္ကာရ အသက် ၂၉ နှစ် သိက္ခာ ခုနစ်ဝါ ရွှေဒါးတောရကျောင်းတိုက် ရမည်းသင်းမြို့နယ် မန္တလေးတိုင်းဒေသကြီး၊

၄၂။ ပလ္လင်အမှတ်(၂၅၂) အရှင်နန္ဒသာရာလင်္ကာရ အသက် ၂၈ နှစ် သိက္ခာ ခြောက်ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၄၃။ ပလ္လင်အမှတ်(၂၅၄) အရှင်ဝဏ္ဏိတ အသက် ၂၆ နှစ် သိက္ခာ ခြောက်ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ်(၂၅၆) အရှင်အသောကာလင်္ကာရ အသက် ၂၅ နှစ် သိက္ခာ ငါးဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

၄၅။ ပလ္လင်အမှတ်(၂၅၇) အရှင်ပညာနန္ဒ အသက် ၂၅ နှစ် သိက္ခာ ငါးဝါ တိပိဋကနိကာယကျောင်းတိုက် ရွှာင်မြို့နယ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊

၄၆။ ပလ္လင်အမှတ်(၂၆၀) အရှင်သောဘန အသက် ၂၅ နှစ် သိက္ခာ သုံးဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊

**ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု**
**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဒုတိယဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တဥ ယျာဘိဝံသ**
**အဂ္ဂမဟာပဏ္ဍိတ**
**အကျိုးတော်ဆောင်ဆရာတော်**

**တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့**

# မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပတ်တန်းကျေးရွာအုပ်စု တလိုင်းကုန်းကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၂၀ နှင့် ဒေသခံပြည်သူ ၁၃၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် အင်းခရုမဂ္ဂင်ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်အပါး ၈၀၊ သာသနာ့နွယ်ဝင်သီလရှင် ၅၅ ပါးနှင့် ဒေသခံပြည်သူ ၆၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အခြေပြု၍ အဆိုပါရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၂၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၂ ဦး၊ ခွဲစိတ်ရောဂါ ၁၂ ဦး၊ သားဖွားမီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၅၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၁၄၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာသုံးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ အုပ်စုဖွဲ့၍ ဆိုင်ကယ်များအကြိမ်ကြိမ် လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ခြောက်ဦးကို လုယက်ရာမှရရှိသည့် သက်သေခံဆိုင်ကယ် သုံးစီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို လုယက်ရာမှရရှိသည့် သက်သေခံဆိုင်ကယ်သုံးစီးနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ဓားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ညဉ့်စာရင်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာနေ မင်းထက် ၁၆ နှစ်နှင့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေသူများဖြစ်ကြသော ချမ်းမြေ့အောင်(ခ)ငချမ်း ၁၈နှစ်၊ အောင်ရဲငြိမ်း(ခ)ဖိုးငယ် ၁၈ နှစ်၊ သန့်စင်(ခ)အောင်သန့်ဦး(ခ)အောင်ကျော် ၂၁နှစ်တို့ လေးဦးကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြား၊ လမ်း ၆၀ ရှိ Blue Moon ဘီယာဆိုင်၌လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူများဖြစ်ကြသော အောင်ကိုမင်း ၂၁နှစ်နှင့် အောင်သူရကျော်(ခ)ကိုချစ် ၁၈နှစ်တို့ နှစ်ဦးကို မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၁၂၉ လမ်းနှင့် ၁၃၀ လမ်းကြား၊ ၅၄ လမ်းရှိ အအေးဆိုင်၌လည်းကောင်း၊ ၎င်းတို့လုယက်ယူဆောင်ထားသည့် CANDA CZI အမျိုးအစား ဆိုင်ကယ် တစ်စီး၊ HONDA Click 2018–125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ Cyclone YUNDE–110 အမျိုးအစား ဆိုင်ကယ်တစ်စီးတို့နှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိတရားခံမင်းထက်ပါခြောက်ဦးတို့သည် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ၂၀၂၄ ခုနှစ်ဩဂုတ်လအတွင်း ဆိုင်ကယ်လုယက်မှု နှစ်ကြိမ်၊ စက်တင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ်၊ အောက်တိုဘာလအတွင်း ဆိုင်ကယ်လုယက်မှု ခြောက်ကြိမ်၊ နိုဝင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ်၊ ဒီဇင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု တစ်ကြိမ်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ်အုပ်စုဖွဲ့၍ ဆိုင်ကယ်လုယက်မှုပေါင်း ၂၁ကြိမ် ကျူးလွန်ခဲ့ကြကြောင်း ကနဦးဖော်ထုတ်သိရှိရပြီး လုယက်မှုကျူးလွန်ရာမှရရှိသည့် ဆိုင်ကယ်များအား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်ကြသည့် ပြည်ကြီးတံခွန်မြို့နယ်နေ ဇော်ထက်(ခ)ဝက်စုတ်(စိစစ်ဆဲ)နှင့် မြစ်ငယ်မြို့နယ်နေ ကုလားကြီး(စိစစ်ဆဲ)တို့နှစ်ဦးထံ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ချိန်းဆိုခေါ်ယူရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုများမှ သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းရမိနိုင်ရေးနှင့် လက်ခံဝယ်ယူသူ ဖမ်းဆီးရန်ကျန်တရားခံ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ထပ်မံကျူးလွန်ထားသည့် ပြစ်မှုများ ရှိ၊ မရှိ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအားအုပ်စုဖွဲ့၍ ဆိုင်ကယ်များအကြိမ်ကြိမ်လုယက်မှု ကျူးလွန်ခဲ့ကြသူများဖြစ်သည့် ဖမ်းဆီးရမိတရားခံ မင်းထက်၊ ချမ်းမြေ့အောင်(ခ)ငချမ်း၊ အောင်ရဲငြိမ်း(ခ)ဖိုးငယ်၊ သန့်စင်(ခ)အောင်သန့်ဦး(ခ)အောင်ကျော်၊ အောင်ကိုမင်း၊ အောင်သူရကျော်(ခ)ကိုချစ်တို့ ခြောက်ဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်ကြသည့် ဇော်ထက်(ခ)ဝက်စုတ်နှင့် ကုလားကြီးတို့နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူ ဒုစရိုက်မှုများ မဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းများအား တွေ့ရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသိပေးသတင်းထုတ်ပြန်ထားသည်။ (၅၀၁)

# ဩစတြေးလျသန္တာကျောက်တန်းများ သမုဒ္ဒရာရေအပူချိန်မြင့်တက်မှုကြောင့် အရောင်ကျွတ်မှု ဆိုးရွားစွာဖြစ်ပေါ်နေ



ကင်ဘာရာ ဇန်နဝါရီ ၂၅

ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများ သမုဒ္ဒရာရေအပူချိန်မြင့်တက်မှုကြောင့် အရောင်ကျွတ်မှု ဆိုးရွားစွာ ဖြစ်ပေါ်နေကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များ၏ ဇန်နဝါရီ ၂၄ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများ၏ အခြေအနေကို ဩစတြေးလျ သိပ္ပံပညာရှင်များက အဆိုပါသန္တာကျောက်တန်းအနီးရှိ ကျွန်းတစ်ကျွန်းပေါ်မှ အနီးကပ် စောင့်ကြည့်လေ့လာမှုများပြုလုပ်လျက်ရှိရာ ပြီးခဲ့သောနှစ်မှစ၍ သန္တာကျောက်တန်းများ၏ ရာခိုင်နှုန်း၅၀ ကျော်သည် အရောင်ကျွတ်မှု ဆိုးရွားစွာဖြစ်ပေါ်နေကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

သန္တာကျောက်တန်းများသည် ကမ္ဘာ့အပူဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သော ၂၀၂၄ ခုနှစ်တွင် အဆိုးရွားဆုံးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး သတ္တမမြောက် အဆိုးရွားဆုံး အရောင်ကျွတ်မှုကို ဖြစ်ပေါ်စေခဲ့ကာ ပင်လယ်ရေ၏ အပူချိန်ကြောင့် သန္တာကျောက်တန်းများ၏ တစ်ရှူးများမှ ရေညှိများကွာကျရာမှ သန္တာကျောက်တန်းများ သေဆုံးမှုကို ဖြစ်ပွားစေကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများသည် စတုရန်းမိုင်ပေါင်း ၁၃၃၀၀၀ ကျော် ကျယ်ဝန်းပြီး ငါးမျိုးစိတ်ပေါင်း ၁၅၀၀ ကျော်နှင့် သန္တာမျိုးစိတ်ပေါင်း ၄၁၁ မျိုး တည်ရှိကြောင်း၊ ကမ္ဘာ့အကြီးဆုံး သန္တာကျောက်တန်းဖြစ်ကာ ဩစတြေးလျနိုင်ငံ၏ စီးပွားရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ပံ့ပိုးပေးနေပြီး အဓိကခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားငွေသည်များကို ဆွဲဆောင်ရာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# လော့စ်အိန်ဂျလိစ်တောမီးသင့်ပြန်လည်ထူထောင်ရေး ကယ်လီဖိုးနီးယားပြည်နယ်ဝန်ကြီးချုပ်နှင့် လက်တွဲဆောင်ရွက်မည်ဟု ဒေါ်နယ်ထရန့်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတတာဝန်များကို လွှဲပြောင်း လက်ခံခဲ့ပြီးနောက် ဇန်နဝါရီ ၇ ရက်မှစ၍ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရသည့် လော့စ်အိန်ဂျလိစ်မြို့ ပြန်လည်ထူထောင်ရေးအတွက် ကယ်လီဖိုးနီးယား ပြည်နယ်ဝန်ကြီးချုပ်နှင့် လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဒေါ်နယ်ထရန့်သည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဖက်ဒရယ်အရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သော်လည်း ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ်နှင့် တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေါ်နယ်ထရန့်အနေဖြင့် ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်သွားရန် ရည်ရွယ်ထား၍ လော့စ်အိန်ဂျလိစ်ကောင်တီ ပြန်လည်ထူထောင်ရေးတွင် ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ်နှင့် တိုက်ရိုက်လက်တွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လော့စ်အိန်ဂျလိစ်ကောင်တီ တောမီးကူးစက်လောင်ကျွမ်းမှုတွင် ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီ၏ အားနည်းချက်များကြောင့် ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိဘဲ ပြည်သူများ၏ ဆုံးရှုံးနစ်နာမှု များပြားခဲ့ခြင်းဖြစ်သည်ဟု ဒေါ်နယ်ထရန့်က ကောက်ချက်ချထားကြောင်း သိရသည်။

"လော့စ်အိန်ဂျလိစ်ကောင်တီ ပြန်လည် ထူထောင်ဖို့အတွက် ကယ်လီဖိုးနီးယား ပြည်နယ် ဝန်ကြီးချုပ်နဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်။ ပြည်နယ်ဝန်ကြီးချုပ် အနေနဲ့ ဖက်ဒရယ်အစိုးရရဲ့ အကူအညီကို လိုအပ်နေပါတယ်"ဟု သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိုင်ယာလန်နိုင်ငံတွင် အီအိုဝင်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး လူတစ်ဦးသေဆုံးခဲ့

ဒပ်ဗ်လင် ဇန်နဝါရီ ၂၅

အိုင်ယာလန်နိုင်ငံတွင် ဇန်နဝါရီ ၂၄ ရက်က အားကောင်းသည့် အီအိုဝင်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း အိုင်ယာလန်အစိုးရက အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီအိုဝင်မုန်တိုင်းသည် အိုင်ယာလန်နိုင်ငံအပြင် မြောက်အိုင်ယာလန်နိုင်ငံ၊ စကော့တလန်နိုင်ငံတို့သို့လည်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းကြောင့် သစ်ပင်ကြီးများ လဲကျခဲ့သလို သစ်ကိုင်းများလည်း ကျိုးကျခဲ့ခြင်းကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လျှပ်စစ်မီးမရရှိသည့် အဆောက်အအုံနှင့် နေအိမ်ပေါင်း ၇၁၅၀၀၀ ကျော်ရှိနေပြီး လျှပ်စစ်မီးမရသည့်အတွက် သောက်သုံးရေပေးဝေနိုင်ခြင်းမရှိသဖြင့် သောက်သုံးရေမရရှိသည့် လူဦးရေ ၁၃၈၀၀၀ ကျော်ရှိနေကြောင်း အိုင်ယာလန်အစိုးရက ထုတ်ပြန်ခဲ့သည်။

အီအိုဝင်မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်နေပြီး အန္တရာယ်ရှိသည့် အဆင့်ဖြစ်ကာ နေအိမ်များအတွင်း၌သာ နေထိုင်သွားရန် ဗြိတိန်မိုးလေဝသရုံးက ထုတ်ပြန်ခဲ့သည်။

စကော့တလန်နိုင်ငံတွင် မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်ငါးခုလျှင် လေကြောင်းခရီးစဉ် တစ်ခု ယာယီဆိုင်းငံ့ခဲ့ပြီး စကော့တလန်နိုင်ငံအတွင်း မီးရထားခရီးစဉ်အားလုံးကို ယာယီဆိုင်းငံ့ထားကြောင်း စကော့တလန်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



မြောက်အိုင်ယာလန်နိုင်ငံတွင်လည်း မုန်တိုင်းကြောင့်ပျက်စီးမှုမြင့်မားခဲ့သလို သစ်ပင်ကြီးများ လဲကျခဲ့ပြီး အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ မြောက်အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းဖြတ်သန်း ဝင်ရောက်ရာလမ်းကြောင်း တစ်လျှောက်ရှိ မြို့များမှ စာသင်ကျောင်းအားလုံးကို ယာယီပိတ်ထားရန် မြောက်အိုင်ယာလန်အစိုးရက ညွှန်ကြားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းပေါင်း ၃၅၀ ကျော် ပိတ်ထားရ

ဗန်ကောက် ဇန်နဝါရီ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လေထုညစ်ညမ်းမှုသည် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိလျက်ရှိပြီး ဇန်နဝါရီ ၂၄ ရက်က ကမ္ဘာ့သတ္တမမြောက်လေထုညစ်ညမ်းမှု အဆိုးရွားဆုံးမြို့အဖြစ် သတ်မှတ်ခံခဲ့ရကာ စာသင်ကျောင်းပေါင်း ၃၅၀ ကျော်ကို ပိတ်ထားရကြောင်း ဗန်ကောက်မြို့တော် အာဏာပိုင်များ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့သည် ပြီးခဲ့သော သီတင်းပတ်အစပိုင်း ရက်များကတည်းက လေထုညစ်ညမ်းမှု စတင်ဖြစ်ပွားလျက်ရှိရာ အာဏာပိုင်များက ပြည်သူများအနေဖြင့် နေအိမ်များမှ အလုပ်လုပ်ကြရန်နှင့် စာသင်ကျောင်းများကို ကျောင်းအုပ်ချုပ်မှုအဖွဲ့များ၏ အစီအစဉ်ဖြင့် အွန်လိုင်းစနစ်ဖြင့် သင်ကြားနိုင်ရေး တိုက်တွန်းချက်များထုတ်ပြန်ခဲ့ကြောင်း၊ ယခုအခါ လေထုညစ်ညမ်းမှုအခြေအနေ အလွန်ဆိုးရွားလာသဖြင့် အာဏာပိုင်များက စာသင်ကျောင်းပေါင်း ၃၅၂ ကျောင်းကို ပိတ်ထားခဲ့ခြင်းဖြစ်ပြီး အဆိုပါအခြေအနေသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံး ကျောင်းပိတ်မှုနှုန်း အရေအတွက်ဖြစ်ကြောင်း သိရသည်။

ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၂၄ ရက်က PM 2.5 အမှုန်အမွှားညစ်ညမ်းမှုသည် တစ်ကုဗမီတာလျှင် ၁၀၈ မိုက်ခရိုဂရမ်ထိ ပါဝင်ခဲ့ပြီး လေထုညစ်ညမ်းမှုအခြေအနေ အလွန်ဆိုးရွားလာသဖြင့် ထိုင်းပြည်ထဲရေးဝန်ကြီး အယ်နုတင်ချိုင်ဗီရာကူက လယ်ယာမြေများခုတ်ထွင်မီးရှို့ရှင်းလင်းမှုများကို တားမြစ်ချက်ထုတ်ပြန်ခဲ့ပြီး မလိုက်နာပါက တရားဥပဒေအရ အရေးယူသွားရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# အရှေ့တောင်အာရှဒေသရှိ မြို့ကြီးတချို့ ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်း အမြင့်ဆုံးမြို့များစာရင်းတွင်ပါဝင်နေ

ဂျီနီဗာ ဇန်နဝါရီ ၂၅

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQ Air အဖွဲ့အစည်းက ကမ္ဘာ့လေထုညစ်ညမ်းမှု အမြင့်မားဆုံးသော မြို့ကြီးများစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် အရှေ့တောင်အာရှဒေသမှ မြို့ကြီးတချို့ ပါဝင်နေသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

IQ Air အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်မားဆုံးသော မြို့ကြီးများစာရင်းတွင် အရှေ့တောင်အာရှဒေသများဖြစ်သော ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့ ပါဝင်နေကြောင်း၊ ၎င်းနိုင်ငံများအနက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လေထုညစ်ညမ်းမှုအပြင် မြို့တော်အတွင်း မီးခိုးငွေ့များဖုံးလွှမ်းနေပြီး နေ့စဉ် အမိုးအကာမရှိသည့်နေရာများတွင် အလုပ်လုပ်ကိုင်နေရသည့် ပြည်သူများ၏ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း သိရသည်။

လေထုညစ်ညမ်းမှုများ အဓိကဖြစ်ပေါ်နေရသည့် အကြောင်းရင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေနေရာရှင်းလင်းရာတွင် မီးရှို့ရှင်းလင်းခြင်း၊ စက်မှုဇုန်များမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမြင့်မားခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများ အစရှိသည်တို့ အဓိကပါဝင်နေကြောင်း IQ Air အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ရေခဲငါး၏ သဘာဝနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)



ရေခဲငါး၏ အင်္ဂလိပ်အမည်မှာ Mountain Barbel ဟု ခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Schizothorax meridionalis ဖြစ်သည်။ ရေခဲငါးမျိုးစုကို တရုတ်နိုင်ငံ တောင်ပိုင်းနှင့်အနောက်ဘက်ရှိ ဒေသတစ်လျှောက်၊ ဟိမဝန္တာဒေသတစ်လျှောက်နှင့် အာရှအလယ်ပိုင်း၊ အီရန်နှင့် တူရကီနိုင်ငံများတွင်လည်း တွေ့ရှိရသည်။ ရေခဲငါးမျိုးစု ၆၅ ခု ခန့်ရှိမည်ဟု လေ့လာသူများက ဖော်ပြထားသည်။ ရေခဲငါးများကို မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံများ၏ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀ မှ ၃၀၀၀ အတွင်းရှိဒေသများ၊ ဟိမဝန္တာ တောင်စဉ်တောင်တန်းဒေသများနှင့် ဘူတန်၊ ပါကစ္စတန်နိုင်ငံများ၏ အပူချိန် ရှစ်စင်တီဂရိတ်မှ ၂၂ စင်တီဂရိတ်ရှိ ရေခဲများပျော်ဝင်စီးဆင်းနေသော မြစ်၊ ချောင်းများနှင့် အိုင်များတွင် ရှင်သန်ကျက်စားကြောင်း လေ့လာသိရှိရသည်။ အပူချိန်နိမ့်ပြီး အလွန်အေးသောမြစ်နှင့် တောင်ကျချောင်းများတွင် ရှင်သန်ကျက်စားနေထိုင်သော ငါးများဖြစ်သောကြောင့် ရေခဲငါးကို ဟိမဝန္တာဒေသ အချို့နေရာများတွင် တောင်ပေါ်နှုတ်ခမ်းမွှေးငါးဟုလည်း ခေါ်ဝေါ်ကြသည်။ ဟိမဝန္တာဒေသ၏ကိုယ်စားပြုငါးမျိုးဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဖျားပိုင်း မေခ၊ မလိခမြစ်နှင့် မြစ်လက်တက်များဖြစ်သောချောင်းများတွင် တွေ့ရှိနိုင်သည်။ အမြင့်ဆုံးခန္ဓာကိုယ်အလျားမှာ စင်တီမီတာ ၃၀ရှိပြီး ငါးအုပ်စုတွင် အရွယ်အစားအလယ်အလတ်တွင်ရှိသော ငါးမျိုးများဖြစ်သည်။ ရေခဲငါး၏ ခန္ဓာကိုယ်မှာအနည်းငယ်လုံးဝိုင်းသည့် သဏ္ဌာန်ရှိ၍ ပြားပြီး ရှည်လျားသည်။ ပါးစပ်သည် အောက်ဘက် အနည်းငယ်စိုက်နေသည်။ အောက်မေးရိုးတွင် နှုတ်ခမ်းမွှေးတစ်စုံ၊ နှုတ်ခမ်းပေါ်တွင် တစ်စုံ၊ နှုတ်ခမ်းမွှေးနှစ်စုံပါရှိသည်။ ကျောဘက်ရေယက်တွင် ဆူးတောင်မာပါရှိပြီး ရေယက်မှာ ထောင်မတ်လျက်ရှိသည်။ အကြေးခွံများမှာ အလွန်သေးငယ်ပါသည်။ ခန္ဓာကိုယ်အရောင်အဆင်းသည် ကျောကုန်းဘက်တွင် ငွေမှင်ရောင်ရှိပြီး ဝမ်းဗိုက်ပိုင်းသည် ခပ်မှိန်မှိန်အဖြူရောင်အဆင်းရှိသည်။ ကျောဘက်ရေယက်နှင့် အမြီးရေယက်များမှာ အညိုဖျော့ရောင်ဖြစ်ပြီး ရင်ရေယက်နှင့် ဝမ်းဘက်ရေယက်တို့မှာ လိမ္မော်ရောင်ဖြစ်သည်။

ကြည်လင်သောရေရှိသည့် မြစ်၊ ချောင်းများ၏ ရေအောက်ကြမ်းပြင်များ၊ ကျောက်တုံးများအောက်နှင့် ကျောက်စရစ်ခဲများတွင် ခိုအောင်းနေထိုင်ကျက်စားလေ့ရှိသော ရေအောက်ငါးအမျိုးအစားဖြစ်ပါသည်။

အရွယ်ရောက်ရေခဲငါးအထီး၏ နှာယောင်ပေါ်တွင် မျိုးပွားအင်္ဂါအဖုလေးများပါရှိခြင်း၊ ရေယက်များမှာ နီညိုရောင်ရှိခြင်း၊ ခန္ဓာကိုယ်မှာ သေးသွယ်ရှည်လျားပြီး တင်ရေယက်သည် မာကျောကြမ်းရှလျက်ရှိသည်။ အမများမှာ လုံးဝန်းသောခန္ဓာကိုယ်ရှိပြီး တင်ရေယက်မှာ ချောမွတ်လျက်ရှိသည်။

ရေခဲငါးသည်သုံးနှစ်သားအတွင်း အရွယ်ရောက်ပြီးတစ်နှစ်တွင်နှစ်ကြိမ် ဥသားပေါက်သည်။ ရေအောက်ကြမ်းပြင်တွင် ပေါက်ရောက်သည့် အပင်များ၊ ရေညှိ၊ ရေမှော်ပင်များကို စားသောက်ကြသော ငါးအုပ်စုများဖြစ်ပြီး အသီးအရွက်စားငါးအုပ်စုများဖြစ်သည်။

**ရေခဲငါးနှင့် ကျန်းမာရေး**

ရေခဲငါးသည် ကယ်လ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်းပါဝင်မှုများသောကြောင့် ဦးနှောက်အတွက် အကျိုးပြုသည်။ ရေခဲငါးတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်အရေးပါသော omega-3 fatty acid လည်း ပါဝင်သည်။ လူ၏ ခန္ဓာကိုယ်မှ omega-3 fatty acid ကို မထုတ်လုပ်နိုင်ပေ။ လေ့လာမှုများအရ omega-3Fatty acid သည် နှလုံးကို ကျန်းမာစေနိုင်သလို ခန္ဓာကိုယ်ကျန်းမာရေး အတွက်လည်း အရေးပါသည်။ ငါးကို မကြိုက်သော်လည်း ခန္ဓာကိုယ်ကျန်းမာစေရန်အတွက် တစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် စားပေးသင့်သည်။ ရေခဲငါးကို စားခြင်းဖြင့် များစွာသော ကျန်းမာရေး အကျိုးကျေးဇူးများကို ရရှိစေသည်။

လေ့လာမှုများအရ တစ်ပတ်လျှင် တစ်ကြိမ် ပုံမှန် ငါးစားသုံးသူများသည် ပုံမှန်ထက် နှလုံးရောဂါ ဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်း လျော့သည်ကို တွေ့ရှိခဲ့ရသည်။ ငါးလုံးဝမစားသူများသည် ရံဖန်ရံခါ ငါးစားသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့် ပိုများနေတတ်သည်ဟုလည်း သိရသည်။ ရေခဲငါးအပါအဝင် ငါးများ၌ ပါသော omega-3 fatty acid သည် နှလုံးရောဂါခံစားရမှုကို ကျဆင်းစေသည်။

တစ်ပတ်လျှင် တစ်ကြိမ်မျှ ရေခဲငါးအပါအဝင် ငါးများကို စားသုံးပေးမည်ဆိုလျှင် ဦးနှောက်နှင့် မှတ်ဉာဏ်စွမ်းရည်ကို ကောင်းမွန်စေနိုင်သည်။ ရေခဲငါးကို ကြော်စားခြင်းထက် ဟင်းချက်စားခြင်း၊ ပေါင်းစားခြင်းသည် ကျန်းမာရေးနှင့် ပိုသင့်တော်သည်။ ငါးသည် ဦးနှောက်ဆဲလ်များကို ကျန်းမာစေနိုင်သည်။ မှတ်ဉာဏ်ကောင်းပြီး သင်ယူမှုအားကောင်းလိုသူများအတွက် ငါးသည် အသင့်တော်ဆုံး အစားအစာဖြစ်သည်။

အရေပြားနှင့် ဆံသားကျန်းမာစေရန်အတွက် ခန္ဓာကိုယ်တွင် ကျန်းမာသောအဆီပြည့်ဝနေရန်လိုမည်။ အဆီပြည့်ဝနေမှ အသားအရေမှာ စိုပြည်ကာ မွဲခြောက်မှုကင်းစင်မည်ဖြစ်သည်။ ရေခဲငါးတွင် ပါသော omega-3 fatty acid သည် ကျန်းမာရေးနှင့် ညီညွတ်သောအဆီဖြစ်ခြင်းကြောင့် စားသုံးရန် သင့်တော်သည်။ ထို့မှုမက omega-3 fatty acid သည် အသားအရေကိုအားဖြည့်ပေးသလို ဆံသားကိုလည်း ကျန်းမာသန်စွမ်းစေသည်။

လေ့လာမှုများအရ ရေခဲငါးအပါအဝင် ငါးတော်တော်များများတွင် ပါသော omega-3 fatty acid သည် စိတ်ဖိစီးမှုကိုလျော့ပါးသက်သာစေနိုင်သည်ဟု သိရသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် တစ်နေ့လျှင် omega-3 fatty acid မီလီဂရမ် ၃၀၀ ကို စားသုံး ပေးမည်ဆိုလျှင် ကိုယ်ဝန်ဆောင်ကာလအတွင်း ခံစားရနိုင်သော စိတ်ကျရောဂါကို သက်သာစေနိုင်သည်။

ရေခဲငါးအပါအဝင် ငါးတော်တော်များများသည် အမျိုးအစား- ၁ ဆီးချိုရောဂါကဲ့သို့ နာတာရှည် ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ omega-3 fatty acid သည် ကလေးငယ်များတွင်လည်း အမျိုးအစား-၁ ဆီးချိုရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သကဲ့သို့ လေးဖက်နာဝေဒနာနှင့် အာရုံကြောထိခိုက်ပျက်ယွင်းသော ဝေဒနာများ ခံစားရနိုင်ခြေကိုလည်း လျော့ကျစေနိုင်သည်။

**❖တစ်ပတ်လျှင် တစ်ကြိမ်မျှ ရေခဲငါးအပါအဝင် ငါးများကို စားသုံးပေးမည်ဆိုလျှင် နှလုံးနှင့် ဦးနှောက်မှတ်ဉာဏ်စွမ်းရည်ကို ကောင်းမွန်စေနိုင်သည်။ ရေခဲငါးကို ကြော်စားခြင်းထက် ဟင်းချက်စားခြင်း၊ ပေါင်းစားခြင်းသည် ကျန်းမာရေးနှင့် ပိုသင့်တော်သည်။ ငါးသည် ဦးနှောက်ဆဲလ်များကို ကျန်းမာစေနိုင်သည်။ မှတ်ဉာဏ်ကောင်းပြီး သင်ယူမှုအားကောင်းလိုသူများအတွက် ငါးသည် အသင့်တော်ဆုံးအစားအစာဖြစ်သည်။ အရေပြားနှင့် ဆံသားကျန်းမာစေရန်အတွက် ခန္ဓာကိုယ်တွင် ကျန်းမာသောအဆီပြည့်ဝနေရန် လိုမည်။ အဆီပြည့်ဝနေမှ အသားအရေမှာ စိုပြည်ကာ မွဲခြောက်မှုကင်းစင်မည်ဖြစ်သည်။❖**

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ နာတာရှည် လေပြွန်ရောင်ရမ်းနေသော အနေအထားတစ်ရပ် ဖြစ်သည်။ ယခုနောက်ပိုင်း ပန်းနာရင်ကျပ်ရောဂါ ခံစားရသူအရေအတွက်မှာ ပို၍တိုးလာနေသည်။ လေ့လာမှုများအရ ငါးပုံမှန်စားသုံးပေးသော ကလေးငယ်များမှာ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေသည် ပုံမှန်ထက် ၂၄ ရာခိုင်နှုန်း ပိုနည်းသည်ကို တွေ့ရှိခဲ့ရသည်။ ကလေးငယ်များမှာ ရေခဲငါးအပါအဝင် ငါးများများစားလေ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေနည်းလေဖြစ်သည်။

**အမြင်အာရုံကောင်းမွန်စေခြင်း**

လူကြီးများတွင် ဖြစ်တတ်သည့် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမှာ အမြင်အာရုံထိခိုက်ဆုံးရှုံးရသည့် အဓိက အကြောင်းရင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အမြင်အာရုံမှာ တဖြည်းဖြည်းအားနည်းလာသည်။ ရေခဲငါးတွင် ပါသော omega-3 fatty acid သည် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်း မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ရေခဲငါးအပါအဝင် ငါးများကို ပုံမှန်စားသုံးပေးမည်ဆိုလျှင် အမျိုးသမီးများတွင် အမြင်အာရုံထိခိုက်ခြင်းကို ၄၂ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သကဲ့သို့ အမြင်အာရုံဆိုင်ရာ ကြွက်သားများ ထိခိုက်နိုင်ခြေကိုလည်း ၅၃ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သည်။ လူကြီးများတွင် အမြင်အာရုံထိခိုက်ခြင်း မဖြစ်စေရန် တစ်ပတ်လျှင် တစ်ကြိမ်ခန့် ငါးကျွေးသင့်သည်။

**လေဖြတ်နိုင်ခြေကိုလျော့နည်းစေခြင်း**

ရေခဲငါးအပါအဝင် ငါးစားခြင်းသည် လေဖြတ်နိုင်ခြေကိုကျဆင်းစေပြီး ဦးနှောက်ကို ကျန်းမာစေနိုင်သည်။ ငါးတွင်ပါသော omega-3 fatty acid မှာ လေဖြတ်နိုင်ခြေကို ကျဆင်းစေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ရေခဲငါးသည် အရသာအားဖြင့် ထူးခြားကောင်းမွန်လှပြီး ကချင်ပြည်နယ် မြောက်ဖျားပိုင်း တောင်ပေါ်ရေဝပ်ဒေသများ၏ ဒေသခံများအတွက် စားငါးမျိုးစိတ်အဖြစ် အရေးပါသောငါး၊ ပူတာအိုဒေသ၏ ကိုယ်စားပြု ငါးမျိုးစိတ်ဖြစ်သည်။ ထို့ပြင် ရေခဲငါးသည် ဆေးဘက်ဝင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားလှသဖြင့် အာဟာရတန်ဖိုးမြင့် ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။


**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၂)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)အမှတ်(၄)
- Fish Base of Myanmar(Inland Fisheries of Myanmar)

# ပုဂံကုန်းတော်ကြီးဘုရားနှင့် နံ့ရံဆေးရေးပန်းချီများ

ကိုကို(မန္တလေး)



ကုန်းတော်ကြီးဘုရားမုခ်ဝနဖူးစီးမှ မကန်းရုပ်ကို တွေ့ရစဉ်။

အများသိအောင်သာ ပုဂံလို့ရေးလိုက်ရပေမဲ့ ကုန်းတော်ကြီးဘုရားက ရှေးဘုရားတွေရှိရာ ပုဂံနဲ့ လဲ မနီး၊ ညောင်ဦးအရှေ့မြောက်ဘက် ဧရာဝတီမြစ်ကမ်းပေါ်က နတ်သမီးကမ်းပါးမှာ တည်ရှိတဲ့ဘုရားပါ။

အရင်ကတည်းက ကြားဖူးနေပေမဲ့ UNICEF မှာ တာဝန်ထမ်းဆောင်နေစဉ် ပါကစ္စတန်နိုင်ငံ ပက်ရှာဝါမြို့ရှိ Peshawar က စာကြည့်တိုက်မှာ Stone sculptures, Plaster Artworks and Mural Paintings of Kondaw Gyi Temple Bagan ဆိုတဲ့ အင်္ဂလိပ်ဆောင်းပါးကို ဖတ်မိလိုက်ရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံပုံတွေနဲ့တကွ ရေးသားဖော်ပြထားပါတယ်။

ပုဂံမှာ ဘုရားပုထိုးများစွာရှိပြီး နံ့ရံဆေးရေးပန်းချီရှိတဲ့ ဘုရားဟာ ၄၁၆ ဆူ ရှိပါတယ်။ ရှေးနှစ်ပေါင်း ၈၀၀ လောက်က ဗိသုကာမြောက် ရှေးဟောင်းဘုရားအတွင်းမှာရှိတဲ့ ရှေးဟောင်းနံ့ရံဆေးပန်းချီကောင်းကောင်းတွေ၊ စိတ်ဝင်စားစရာ ဇာတ်ကွက်တွေနဲ့ ပုဂံခေတ်တိုင်အဖုံး၊ ကျောက်ဆစ်လက်ရာအမွမ်းအပြောက် ပန်းဆွဲတိုင်အဖုံး စတဲ့ ရုပ်လုံးရုပ်ကြွပန်းတမော့လက်ရာတွေ၊ တိုင်ထောင့်တွေမှာ plaster artworks ခေါ်တဲ့ အင်္ဂတေထွင်းပန်းတော့လက်ရာတွေ ခုထိ ကြွင်းကျန်ထင်ရှားရှိနေတာပါ။ ဒါတွေဟာ နိုင်ငံနဲ့ လူမျိုးရဲ့ဂုဏ်ကို ဖော်ကြူးပြသနေပါတယ်။ ဒါကြောင့် အဖိုးမဖြတ်နိုင်တဲ့ ကုန်းတော်ကြီးဘုရားကို ရတနာသိုက်လို့ တင်စားလိုက်ပါတယ်။

အနည်းငယ်မတ်စောက်တဲ့ ကုန်းတော်ကြီးဘုရားကုန်းပေါ်ကို စာရေးသူတို့အဖွဲ့ ရောက်ခဲ့ကြပါတယ်။ အတက်လမ်းတစ်လျှောက်မှာ တရုတ်စကားပင်တွေကို စိုက်ပျိုးထားပါတယ်။

ကျယ်ပြန့်တဲ့ ဘုရားတံတိုင်း မုခ်ဦးပေါက်အတွင်းကနေ တက်လာတဲ့ တောင်တက်လမ်းကို ပြန်ကြည့်လိုက်တော့လဲ အတော်လေးတက်ရတဲ့ ခရီးပါပေဘဲ။ ဒါပေမဲ့ ကျောင်းဝန်းထဲက မကျီးပင်နဲ့ ထနောင်းပင်တွေကြားက ဂူခံအထွတ်တင်ထားတဲ့ သကျမုနိဘုရားနဲ့ ဧရာဝတီမြစ်ပြင်ကျယ်ကြီးကိုတွေ့ရတဲ့နောက် မောသမျှ ပျောက်သွားပါတယ်။ အရှေ့မုခ်လှည့်ဂူခံပေါ် စေတီပေါက်ထားတဲ့ ကုန်းတော်ကြီးဘုရားကို လှမ်းလာကြပါတယ်။ ဆူးရစ်ချုံတွေ၊ မြက်ရိုင်းတောတွေကို ကျော်ဖြတ်လာရတော့ ဘုရားဖူးဩ့သည်အတော်အလာနည်းလှပါတယ်။ ဘုရားပေါ်ရောက်တော့ မုခ်ဦးဝင်ပေါက်အပေါ်နဲ့ တိုင်အဖုံးတွေကြည့်လိုက်တော့ စာရေးသူအတော်အံ့အားသင့်သွားပါတယ်။ အလွန်ကောင်းတဲ့ ပန်းတော့အင်္ဂတေလက်ရာတွေကို တွေ့ရပါတယ်။

အပေါ်ဝင်ပေါက် ကနုတ်ပန်းအပေါ်ခုံးနဲ့ အောက်ခုံး နှစ်တန်းလုံးဟာ အလယ်ပိုင်းမှာ ပြတ်ကျပျက်စီးနေပြီဖြစ်ပါတယ်။ ကောင်းကောင်းထိန်းသိမ်းနိုင်ရင်တော့ ကြာရှည်ခံမှာပါ။ ဘုရားအဝင်ဘယ်ဘက်ခြမ်းအပေါ်မှာ ကျောက်ဆစ်ပန်းတမော့ဒူးထောက်လက်အုပ်ချီနေတဲ့ ဥပသကာနဲ့ ဘုရားရုပ်ထုတို့သာ အကောင်းအတိုင်းရှိပြီး ညာဘက်ခြမ်းက ပျက်စီးနေတာကို တွေ့ရပါတယ်။ ဘယ်ဘက်အပေါ်တန်းအထက်က ကျောက်ဆစ်လက်ရာတစ်ခုဖြစ် တဲ့ မကန်းရုပ်ထုကို အကြေးခွံများနဲ့ ပေါ်လွင်သက်ဝင်အောင် ထုလုပ်နိုင်တဲ့ ပန်းတမော့ပညာရပ်ကတော့ ချီးကျူးစရာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀၀ လောက်က ထုဆစ်ခဲ့ကြတာတွေကို လေ့လာသိရှိရပါတယ်။

အနောက်ဘက်မုခ်အဝင်ဝ ဘယ်ဘက်တိုင်ဖုံးလက်ရာတွေကတော့ အောက်ထိ အတော်ပျက်စီးလို့ အောက်ခံအင်္ဂတေသားဘဲ ကျန်ပါတော့တယ်။ ညာဘက်အပေါ်ပိုင်းကတော့ ကျောက်ဆစ်ပန်းတမော့လက်ရာအရုပ် နှစ်ရုပ်ကောင်းကောင်း ကျန်ရစ်ခဲ့ပါတယ်။ အောက်ကပန်းကြိုးကိုက်ဟင်္သာရုပ်ကတော့ အတော်လှလှပပအကောင်းအတိုင်းရှိပါတယ်။ အဲဒီဟင်္သာရုပ်က နာမည်ကျော်နန်းဘုရားက ဟင်္သာရုပ်နဲ့ လက်ရာတူနေပါတယ်။

ဝဲယာတိုင်တွေရဲ့ ဘေးတိုင်နှစ်တိုင်အောက်ပိုင်းက ခြင်္သေ့ပန်းတမော့လက်ရာကတော့ အိန္ဒိယပုံစံထုလုပ်ထားပါတယ်။ အကောင်းပကတိအတိုင်း ရှိနေတာပါ။ ဘီလူးပန်းကိုက်ရုပ်တွေလဲ အကောင်းပကတိတွေ့ရပါသေးတယ်။ ကြက်ခြေခတ်ရိုက်ကျွန်းတံခါးရွက်တွေကို သော့နဲ့ဖွင့်ပြီး အထဲကို ဝင်ခဲ့ကြပါတယ် ။

နိုင်ငံခြားက စာအုပ်နဲ့ ရှေးဟောင်းသုတေသနဦးစီးဌာနကထုတ်တဲ့ မှတ်တမ်းဓာတ်ပုံများစာအုပ်ထဲက လက်ရာမြောက်တဲ့ wooden pediment ခေါ် ဘုရားနောက်ခံ တံကဲကိုတော့ အထဲမှာ မတွေ့ရတော့ပါဘူး။

ကုန်းတော်ကြီးဘုရားမှာ အတွင်းနံ့ရံဆေးရေးပန်းချီတွေက အပြည့်ပါဘဲ။ မီးထိုးကြည့်မှသာ ထင်ရှားစွာ တွေ့နိုင်ပါတယ်။ ဘုရားလောင်းဗျာဒိတ်ခံယူနေခန်း၊ မယ်တော်မာယာအိမ်မက်ခန်း၊ ဖွားတော်မူခန်း၊ နန်းတွင်းမောင်းမလေးသောင်းတို့ ခြံရံနန်းစံခန်း၊ တောထွက်ခန်း၊ ဗုဒ္ဓဝင်ရှစ်ခန်း၊ သတ္တဌာနခန်းများကို အောက်က ရှေးဟောင်းမြန်မာကမ္ပည်းစာထိုးပြီး အဆန်းတကြယ်လှပသေသပ်စွာ ရေးဆွဲထားတာကို တွေ့ရပါတယ်။ ဆေးရောင်အကောင်းအတိုင်း တွေ့ရပါသေးတယ်။ အလင်းရောင်ထိတဲ့ ဘေးတွေက ဆေးရောင်မှိန်နေတာ တွေ့ရပါတယ်။ အချို့နံ့ရံဆေးရေးတွေကို အုတ်နီခဲအပိုင်းတွေနဲ့ ရေးခြစ်ထားတာ တွေ့ရပါတယ်။

တိုက်မပိုင်း မျက်နှာကြက်က ကနုတ်ပန်းကွက်ကြားမှာ ခြင်္သေ့၊ ဆင်၊ ကျား၊ ဒရယ်၊ ငှက်တို့ကို နှစ်ကောင်တွဲ လည်ချင်းလိမ်ယှက်နေတဲ့ တိရစ္ဆာန်မောင်နှံစုံတွဲတို့ကို လှပစွာ ရေးဆွဲထားပါတယ်။ မျက်နှာကြက်ပန်းချီ သုံးဆယ်ရာခိုင်နှုန်းခန့်ဟာ ၁၉၇၅ ခုနှစ် ငလျင်ကြီးလှုပ်ခတ်စဉ်မှာ ကွာကျပျက်စီးခဲ့ပါတယ်။

လည်ချင်းယှက်တိရစ္ဆာန်တို့ အနေအထားပုံတွေကို ဆေးရောင်အနီ၊ အနက်၊ အဖြူ၊ အစိမ်းကို အားထားပြီး ရေးဆွဲထားတာကို တွေ့ရပါတယ်။ အဲဒီနေရာတစ်ဝိုက်မှာ ငလျင်ဒဏ်ကြောင့် ကွာကျနေတာလဲ တွေ့ရပါတယ်။ ဗြဟ္မာရုပ်၊ နတ်ရုပ်တွေလဲ အကောင်းအတိုင်း တွေ့နိုင်ပါသေးတယ်။ သစ်ပင်တွေကိုလဲ သစ်ရွက်တစ်ရွက်ချင်းစီ ပေါ်လွင်အောင် ရေးဆွဲထားပါတယ်။ နောက် အမျိုးမသိရတဲ့၊ ခွဲခြားမရနိုင်တဲ့ပန်းအမျိုးမျိုးတို့ကိုလဲ တွေ့ရပါတယ်။

သကျမုနိဘုရားနဲ့ ငုံ့ဝင်ဘုရားတွေမှာ မတွေ့ခဲ့ရတဲ့ ကြိုးတယ်လီဖုန်းသဏ္ဍာန် ချိုစောင်းနှစ်ဖက်မှာ ဘုလုံးလို စုထုံးထားတဲ့ ဆံပင်ဆင်ယင်ထုံးဖွဲ့မှုကို လိုက်ရှာပါတယ်။ နှစ်ပတ်ပတ်ကြည့်တာတောင် မတွေ့လို့ လက်လျှော့ရမလိုဖြစ်နေရာက ကျယ်လောင်တဲ့ တောက်တဲ့အော်သံကြားရာဘက်ကို အမှတ်မထင်ကြည့်မိလိုက်ပါတယ်။ မှောင်နေတဲ့နံ့ရံကို အမှတ်တမဲ့ လက်နှိပ်မီးထိုးကြည့်လိုက်တယ်။ အတော်လဲ အံ့အားသင့်သွားပါတယ်။ မီးထိုးမိတဲ့နေရာရဲ့ နံ့ရံပေါ်မှာ မိန်းမပျိုနှစ်ဦးပါတဲ့ ဆေးရေးပန်းချီဟာ ကွက်တိဖြစ်နေပါတယ်။ တစ်ဦးက ဘီးဆံပတ်ပုံနဲ့ နောက်တစ်ဦးက ချိုစောင်းနှစ်ဖက်စလုံးမှာ ဆံပင်ဘုလုံးနှစ်လုံးနဲ့ မိန်းမပျိုပုံကို တွေ့လိုက်ရပါတယ်။ အံ့အားသင့်ခြင်းနဲ့အတူ ဝမ်းမြောက်ခြင်းပါ ပူးတွဲခံစားမိရပြန်တယ်။ လာရကျိုးနပ်သွားပါပြီ။ စာထဲမှာသာ ဖတ်ခဲ့ရပြီး ခုတော့ ပုံတွေပါ တွေ့လို့ ဓာတ်ပုံရိုက်နိုင်ခဲ့ပါပြီ။ အခုတွေ့ရတဲ့ ဆံပင်ထုံးဖွဲ့မှုက ပုဂံခေတ်ဆံပင်ထုံးဖွဲ့မှု ၅၅ မျိုးမှာ ကြိုးဖုန်းနဲ့တူတဲ့ ဘုနှစ်လုံးဆံပင်ထုံးဖွဲ့မှု မပါပါဘူး။

၁၂ ရာစုနဲ့ ၁၃ ရာစု ပုဂံဘုရားတွေကို နံ့ရံဆေးရေးပန်းချီဆွဲရင် အောက်က ထုံးသရွတ်၊ အလယ်က မြေသရွတ်၊ အပေါ်ဆုံးကိုလဲ ထုံးသရွတ်ထပ်လိုက်ကြတာများပါတယ်။ ကွာကျနေတဲ့နေရာတွေကြည့်ရင် မြင်နိုင်ပါတယ်။ ဒါကြောင့် ကုန်းတော်ကြီးဘုရားဟာ ၁၃ရာစုလောက်မှာ နရပတိစည်သူမင်းတည်ခဲ့တယ်လို့ ရှေးဟောင်းသုတေသီတွေ၊ ရှေးဟောင်းလေ့လာသူတွေက အကဲဖြတ်ထားကြပါတယ်။ ပတ်ဝန်းကျင်အနီးရှိ ဘုရားတွေကိုကြည့်ပြီး သုံးသပ်ထားပါတယ်။

ဘုရားကို လှည့်ပတ်ကြည့်တော့ ဘေးမုခ်နဲ့ နောက်မုခ်တို့မှာ ကျောက်ဆစ်ပန်းတမော့လက်ရာတွေ နည်းနည်းဘဲ ကျန်ပါတော့တယ်။ စာရေးသူတို့လဲ အပြင်ပြန်ထွက်ခဲ့ရာ မိုးမလုံနိုင်တဲ့ ကျွန်းကွက်ကြားတွေထဲ မိုးရေတွေဝင်ပြီး စိုထိုင်းဆတွေများကာ နံ့ရံပန်းချီတွေပျက်စီးသွားမှာလဲ စိတ်ပူပန်မိပါတယ်။ ဘုရားဝန်းထဲကနေ တောင်ဘက်တစ်မိုင်အကွာက ကျောက်ဂူဥမင်ကိုကြည့်တော့ မမြင်ရပါဘူး။ ကျောက်ဂူဥမင်ရဲ့ဘေး ခပ်လှမ်းလှမ်းတောင်ကမူလေးပေါ်က ချောက်ဘုရားလှကိုလဲ လှမ်းတွေ့ရပါတယ်။

တံတိုင်းအပြင်ထွက်ပြီး ညာဘက်မှာ အတန်ကျယ်တဲ့ မြေကွက်လပ်ကို တွေ့ရပါတယ်။ ကမ်းပါးစပ်မှာ ကိုဗစ်မတိုင်မီက ဗွီဒီယိုနဲ့ ဓာတ်ပုံလာရိုက်တဲ့ အဖွဲ့တွေထားရစ်ခဲ့တဲ့ လှည်းဘီးအဝိုင်းကြီးတွေကို ထောင်ထားတာကိုလဲ တွေ့ရပါတယ်။ အမိဧရာဝတီရဲ့ မြစ်ပြင်ကျယ်ကြီးနဲ့ ရေလယ်ကျွန်းတွေပေါ်က သစ်ပင်တွေ အပေါ်ပိုင်းထိ ရေမြုပ်နေတာရယ်၊ သကျမုနိဘုရားနဲ့ ငုံ့ဝင်ဘုရားနှစ်ဆူတို့ရယ်ကို တမာပင်တွေ၊ မကျီးပင်တွေ၊ ထနောင်းပင်တွေကြားမှာ လှပတဲ့ပန်းချီကားချပ်ကြီး ရေးဆွဲတာကြည့်နေရသလိုပါဘဲ။ အတော်လှပတဲ့ ရှုမျှော်ခင်းပါ။

ပန်းချီကားကြီးလှပနေသလိုဘဲ နတ်သမီးကမ်းပါးမှာရှိတဲ့ ကုန်းတော်ကြီးဘုရားနေရာတစ်ဝိုက်က သမိုင်းကို ပြောပြနေသလို သမိုင်းထဲကလဲ နတ်သမီးကမ်းပါးမှာဖြစ်ခဲ့တာတွေအကြောင်းကို ပြန်ပြောပြနေသလိုပါဘဲ။ ဒီနေရာက ပုဂံနရပတိစည်သူနဲ့ သူ့မိဖုရားတို့ရဲ့ကောင်းမှုကုသိုလ်တွေကို တွေ့ရပါတယ်။

နရပတိစည်သူမင်းဟာ ကုသိုလ်ကောင်းမှုတွေ အများကြီးပြုခဲ့သလို အကုသိုလ်တွေလဲ ပြုခဲ့တာပါ။ နရပတိစည်သူဟာ မင်းမဖြစ်မီက သူ့မိဖုရားလောင်း ဝေဠုဝတီကို သူ့ရဲ့အစ်ကိုက သိမ်းပိုက်ကြောင်း လာသတင်းပို့တဲ့ မြင်းခံငပြည့် နောက်ကျလို့ သတ်ပစ်တယ်။ နောက် သူ့အစ်ကို မင်းယဉ်နရသိင်္ခကို လုပ်ကြံခိုင်းတာ အောင်မြင်ပေမဲ့ ရိုင်းစိုင်းတဲ့အပြုအမူကြောင့် သူ့လက်ရင်းတပည့် အောင်စွာငယ်ကိုလဲ သတ်ပြန်တယ်။ နောက် သူ့အထိန်းတော်သား "မျက်ဖြေလက်ာ" ပိုင်ရှင် အနန္တသူရိယအမတ်ကိုလဲ ထပ်ပြီးကွပ်မျက်ပြန်ပါတယ်။

နတ်သမီးကမ်းပါးမှာ မကောင်းမှုတွေပြုလုပ်ခဲ့သလို၊ ကောင်းမှုကုသိုလ်တွေလဲ ပြုလုပ်ခဲ့ပါတယ်။ ဘုရားတည်တာတွေလဲ ပြုလုပ်ခဲ့ပါတယ်။ နောက် ကျောက်ဂူဥမင်၊ စူဠာမဏိဘုရား၊ ဓမ္မရာဇိကဘုရားနဲ့ ကန်တော့ပလ္လင်ဘုရား စတဲ့ ကြီးမားတဲ့ဘုရားတွေ တည်ခဲ့ပြန်ပါသေးတယ်။ လယ်ယာတွေ ရေရရှိဖို့ ဇီးတောမြောင်းကြီးကိုလဲ တူးဖော်ပေးခဲ့ပါတယ်။ ဘုရား၊ ကျောင်းကန်တွေအပြင် လယ်ယာမြေတွေပါ လှူခဲ့ပါသေးတယ်။ မြန်မာစာအရေးအသားက နရပတိမင်းလက်ထက်မှာ ထိပ်ဆုံးရောက်နေပါပြီ။ နောက် မုတ္တမ၊ ထားဝယ်၊ တနင်္သာရီတို့ထိ နယ်မြေလဲ ချဲ့ထွင်နိုင်ခဲ့လို့ တိုင်းကျိုးပြည်ပြုမှာတော့ ချီးကျူးစရာပါ ။

❖ကုန်းတော်ကြီးဘုရားမှာ အတွင်းနံ့ရံဆေးရေးပန်းချီတွေက အပြည့်ပါဘဲ။ မီးထိုးကြည့်မှသာ ထင်ရှားစွာ တွေ့နိုင်ပါတယ်။ ဘုရားလောင်း ဗျာဒိတ်ခံယူနေခန်း၊ မယ်တော်မာယာအိမ်မက်ခန်း၊ ဖွားတော်မူခန်း၊ နန်းတွင်းမောင်းမလေးသောင်းတို့ ခြံရံနန်းစံခန်း၊ တောထွက်ခန်း၊ ဗုဒ္ဓဝင်ရှစ်ခန်း၊ သတ္တဌာနခန်းများကို အောက်က ရှေးဟောင်းမြန်မာကမ္ပည်းစာထိုးပြီး အဆန်းတကြယ်လှပသေသပ်စွာ ရေးဆွဲထားတာကို တွေ့ရပါတယ်။ ဆေးရောင်အကောင်းအတိုင်း တွေ့ရပါသေးတယ်။ ❖

လက်ရာကောင်းပြီး လှပသေသပ်တဲ့ ပန်းတော့အင်္ဂတေလက်ရာတွေ၊ ပန်းတမော့ကျောက်ဆစ်လက်ရာတွေ၊ အကောင်းတိုင်းရှိသေးတဲ့ နံ့ရံဆေးရေးပန်းချီတွေအများကြီးရှိတဲ့ ကုန်းတော်ကြီးဘုရားကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အလွန်အရေးကြီးကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။


**ကိုးကား**

- မခင်နု့(ဒဿန) ပုဂံဘုရား ပုဂံစကားပုဂံသား
- ဦးသိမ်းမောင် ပုဂံခေတ်ယဉ်ကျေးမှု
- မင်းဘူးအောင်ကြိုင် ခေတ်အဆက်ဆက် မြန်မာ့ပန်းချီများ
- The Pagodas And Monuments Of Bagan Vol.2

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဝန်တိုစိတ်ကြီးသူ

ကလေးတို့ရေ ဒီတစ်ပတ်တီလေးပြောပြချင်တဲ့ ပုံပြင်ကလေးကတော့ ဝန်တိုစိတ်ကြီးသူဆိုတဲ့ပုံပြင်ကလေးအကြောင်းပဲဖြစ်ပါတယ်။

တစ်ခါက ရွာကြီးတစ်ရွာမှာ မခင်လှဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိသတဲ့ကွယ်။ မခင်လှဟာ ချောမောလှပသူဖြစ်တာကြောင့် ပတ်ဝန်းကျင်ရွာတွေသာမက မြို့တော်ထိပါ သိပ်ကိုလှပတဲ့အမျိုးသမီးလို့ နာမည်ကြီးသတဲ့။ တစ်နေ့မှာတော့ မခင်လှတို့အိမ်ဘေးကို ဖခင်ဖြစ်သူရဲ့ငယ်သူငယ်ချင်း ဦးသာဖျော့တို့မိသားစုပြောင်းလာကြသတဲ့။ ဦးသာဖျော့မှာ မခင်လှနဲ့ရွယ်တူ သမီးကလေးတစ်ယောက်ပါလာတယ်။ ဦးသာဖျော့ရဲ့ သမီးကလေးအမည်က မကြည်ပြာတဲ့။ မကြည်ပြာကလေးဟာမခင်လှလို ချောမောသူဖြစ်နေပြန်သတဲ့။ မကြည်ပြာကလေးဟာ အနေအေးသလောက် မခင်လှကတော့ မနာလိုစိတ်အင်မတန်ကြီးသတဲ့ကွယ်။ မကြည်ပြာနဲ့ မခင်လှတို့ရဲ့မိဘတွေဟာလဲ ရွာရဲ့အချမ်းသာဆုံးမိဘတွေဖြစ်ကြသတဲ့။

မိဘတွေက အချင်းချင်းရင်းနှီးခင်မင်ကြပေမဲ့ မခင်လှကတော့ မကြည်ပြာကို ပြိုင်ဘက်လိုသဘောထားပြီး ဆက်ဆံသတဲ့ကွယ်။ မခင်လှဟာ အပေါင်းအသင်းကိုငွေပေးပြီး ပေါင်းသူဖြစ်တာကြောင့် မခင်လှအနားမှာ ရွာကအပျိုတော်တွေ ဝိုင်းနေကြသတဲ့ကွယ်။ ဒါကိုပဲ မခင်လှက ဂုဏ်ယူနေတော့တာပေါ့။ မကြည်ပြာကလေးကတော့ အမေဖြစ်သူကို အိမ်မှုကိစ္စတွေကူညီရင်း အားလပ်ချိန်မှာ စာဖတ်နေလေ့ရှိသတဲ့။ မကြည်ပြာကလေးအနေအေးတာကို သဘောကျပြီး ချစ်ခင်ပေးကြတဲ့သူတွေရှိတာကြောင့် မကြည်ပြာကလေးအနားမှာလဲ သူငယ်ချင်းတွေများနေတာပေါ့ကွယ်။ ဒါကိုမြင်ရတဲ့ မခင်လှဟာ မကြည်ပြာကလေးအပေါ် မလိုမုန်းတီးစိတ်တွေ ပေါ်လာတော့တာပေါ့။ ဒီလိုနဲ့အချိန်တွေကြာလာလေ မကြည်ပြာကလေးအပေါ်ထားတဲ့ မခင်လှရဲ့မနာလိုမုန်းတီးစိတ်က ကြီးလာလေပဲတဲ့ကွယ်။

မခင်လှနဲ့မကြည်ပြာတို့ရဲ့အလှဂုဏ်သတင်းကို ကြားသိရတဲ့အခါ သူဌေးသူကြွယ်တွေ၊ လုပ်ငန်းရှင်တွေက လာတောင်းရမ်းကြတော့တာပေါ့။ မခင်လှနဲ့ မကြည်ပြာကတော့ လာတောင်းရမ်းသူမှန်သမျှကို ငြင်းလွှတ်လေ့ရှိသတဲ့ကွယ်။

တစ်နေ့မှာတော့ မကြည်ပြာနဲ့မခင်လှတို့မိသားစုတွေဟာ ဘုရားဖူးထွက်ဖို့ပြင်ဆင်နေကြသတဲ့။ မကြည်ပြာကလေးဟာ အဝတ်အစားဝတ်ရင် စည်းကမ်းနဲ့ဝတ်တဲ့အတွက် အခုလိုခရီးသွားမယ်ဆိုတော့ အဝတ်အစားသစ်တွေ ချုပ်စရာမလိုဘူးပေါ့။ မခင်လှကတော့ အိမ်မှာနေရင်း အဝတ်အစားအသစ်တွေထုတ်ဝတ်တော့ ဘုရားဖူးသွားမယ်လဲ



ဆိုရော အဝတ်တွေက အရောင်အနည်းငယ်လွင့်နေပြီပေါ့ကွယ်။ အသစ်ချုပ်မယ်ဆိုရင်လဲ အချိန်မမီတော့တဲ့အတွက် မချုပ်ရဘူးဖြစ်နေတယ်။ မကြည်ပြာကလေးရဲ့ အဝတ်အစားအသစ်တွေကိုလဲမြင်ရော မခင်လှရဲ့မနာလိုစိတ်က ပိုကြီးလာတော့သတဲ့။ မခင်လှလဲ မကောင်းတဲ့အကြံအစည်ကို ကြံစည်တော့တာပေါ့ကွယ်။

ဒီလိုနဲ့မခင်လှဟာ သူရဲ့အကြံအစည်ကိုအကောင်အထည်ဖော်ဖို့အတွက် လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ လုပ်သတဲ့။ မကြည်ပြာကလေးရဲ့အိမ်ကို ဝင်၊ထွက်နေတဲ့ အဒေါ်ကြီးကိုခေါ်ယူပြီး သိချင်တဲ့ကိစ္စတွေ မေးမြန်းတော့တာပေါ့ကွယ်။ ခရီးမထွက်ခင်ညမှာတော့ မခင်လှငှားရမ်းထားတဲ့ သူခိုးဟာ မကြည်ပြာကလေးရဲ့ အဝတ်အစားအိတ်ပေါ် မတော်တဆ မှောက်ချင်ယောင်ဆောင်ပြီး ရေနံဆီပုံးကို လောင်းခဲ့သတဲ့ကွယ်။

မနက်ခင်းမိုးလင်းတော့ မိသားစုနှစ်စုဟာ ခရီးထွက်ဖို့ ပစ္စည်းတွေထုတ်လာကြတော့တာပေါ့။ မကြည်ပြာကလေးဟာ သူရဲ့အဝတ်အစားအိတ်ကို မလိုက်တဲ့အခါ ရေနံဆီတွေပေနေတာကို မြင်လိုက်ရသတဲ့။

မကြည်ပြာကလေးလဲ ဝမ်းနည်းလွန်းလို့ရှိုက်ကြီးတငင်ငိုတော့သတဲ့ကွယ်။ မကြည်ပြာကလေးရဲ့ မိခင်ကတော့ ရှိတဲ့အဝတ်အစားတွေထည့်ပြီး လိုက်ခဲ့ဖို့ခေါ်သတဲ့ကွယ်။

မကြည်ပြာကလေးငိုနေတာကိုမြင်ရတဲ့ မခင်လှကတော့ ပျော်ရွှင်နေတာပေါ့ကွယ်။ မကြည်ပြာကလေးလဲ မလိုက်တော့မဲ့အကြောင်း ဖခင်ဖြစ်သူကိုပြောရင်း အိမ်မှာနေရစ်ခဲ့သတဲ့ကွယ်။ မခင်လှကတော့ သူ့ရဲ့အကြံအစည်အောင်မြင်တယ်ဆိုပြီး သိပ်ကိုပျော်ရွှင်နေတော့တယ်။

မကြည်ပြာကလေးကတော့ သစ်ပင်ပန်းပင်ကလေးတွေစိုက်ရင်း တစ်နေ့တာကိုကုန်ဆုံးစေခဲ့သတဲ့။ တစ်နေ့မှာတော့ မကြည်ပြာနဲ့မခင်လှတို့ရဲ့အလှဂုဏ်သတင်းကိုကြားသိတဲ့ မောင်ချမ်းငြိမ်းဟာ ကိုယ်တိုင်စုံစမ်းဖို့အတွက် မကြည်ပြာနဲ့ မခင်လှတို့ရဲ့ရွာကလေးကို ရောက်လာခဲ့တော့တယ်။ မခင်လှကိုတော့မတွေ့ရပေမဲ့ မကြည်ပြာကလေးကိုတော့ တွေ့ခွင့်ရလိုက်သတဲ့။ မကြည်ပြာကလေးကို မြင်မြင်ချင်း ချစ်ခင်မိတာကြောင့် လာရောက်တောင်းရမ်းယူဖို့ပြောသတဲ့ကွယ်။ မကြည်ပြာကလေးလဲ ရုပ်ရည်ခံ့ညားပြီး ချောမောတဲ့ မောင်ချမ်းငြိမ်းကို သဘောကျနှစ်သက်မိတာကြောင့် မိဘတွေ ဘုရားဖူးကပြန်လာရင် လာရောက်တောင်းရမ်းပါလို့ ပြန်ပြောလိုက်သတဲ့ကွယ်။

ရက်တွေကြာလာတော့ မခင်လှတို့မိသားစုနဲ့ မကြည်ပြာကလေးရဲ့မိဘတွေဟာ ဘုရားဖူးကပြန်လာကြသတဲ့ကွယ်။ မခင်လှလဲ မကြည်ပြာကလေးကြားအောင် ဘုရားဖူးခဲ့ရတဲ့ပျော်ရွှင်မှုတွေကို သူငယ်ချင်းတွေကို ကြွားဝါနေတော့တယ်။ မခင်လှရဲ့သူငယ်ချင်းတွေကတော့ မခင်လှရဲ့ဘုရားဖူးအကြောင်းတွေကို နားမထောင်အား မကြည်ပြာကလေးကို အချမ်းသာဆုံးသူဌေးကြီးရဲ့သားက လာတောင်းရမ်းတဲ့အကြောင်း ပြောပြလိုက်သတဲ့ကွယ်။ ဒီသတင်းကို ကြားလိုက်ရတဲ့အခါ မခင်လှ မနာလိုစိတ်ကြီးပေမဲ့ ဘာမှမတတ်နိုင်တော့ဘူးပေါ့ကွယ်။

မောင်ချမ်းငြိမ်းနဲ့မကြည်ပြာကလေးတို့ရဲ့ မင်္ဂလာသတင်းဟာ ရပ်ဝေးမြို့တွေထိ ပျံ့ကုန်သတဲ့ကွယ်။ မခင်လှကတော့ သူသာ မကြည်ပြာကလေးရဲ့အဝတ်တွေကို ရေနံဆီတွေမပေစေခဲ့ဘူးဆိုရင် မောင်ချမ်းငြိမ်းကို သူပိုင်ဆိုင်ရနိုင်တယ်ဆိုပြီး နောင်တရသွားတော့သတဲ့ကွယ်။

ကလေးတို့ရေ ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ ဒီပုံပြင်ထဲမှာ မခင်လှရဲ့မနာလိုစိတ်ဟာ ကိုယ့်အတွက်ဆိုးကျိုးတွေပဲ ပိုများတယ်ဆိုတာ သိရှိသွားမယ်လို့ ထင်ပါတယ်။ ကလေးတို့လဲ သူတစ်ပါးအပေါ်မှာ ဒေါသစိတ်တွေ၊ မနာလိုစိတ်တွေ မထားမိအောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရမယ်နော်။

သာယာချမ်းမြေ့တဲ့ မင်္ဂလာနေ့ကလေးဖြစ်ပါစေကွယ်။

**မယ်လေးခင်(မနောမြေ)**

## ပန်းသဇင်

- နှင်းရည်ပက်ဖျန်း ဖူးတံဝင်
  ပန်းလှငွေသဇင်၊
  အလှတော်ဝင် အသွင်ဆန်း
  ပွင့်ကြအမြင့်နန်း။
- မြိုင်ယံတောတန်း နှင်းနဲ့ပျော်
  ပျိုလေးတို့အဖော်၊
  ဦးခေါင်းပေါ်မှာ တယုတယ
  သူတို့ပန်ဆင်ကြ။
- ရှင်တော်ဗုဒ္ဓ ကပ်ကာလှူ
  မွှန်မြတ်ကုသိုလ်ယူ၊
  ငွေရောင်ဖြူဖြူ အယဉ်ဆင့်
  ဆောင်းမှာ သူကပွင့်
  လေယူရာရနံ့သင့်။ ။



**ရွှေတိုး(ထုံးဘို)**

## ဇွဲလုံ့လချီ ပန်းတိုင်ဆီ

- ကျောင်းသူကျောင်းသား တို့လူငယ်
  ပညာသင်ရာဝယ်၊
  ကြိုးစားလို့ရယ် မှတ်သားကြ
  အောင်မြင်မှုကိုရ။
- မပျင်းရိမှ အောင်မြင်မည်
  လျှောက်လှမ်းပန်းတိုင်ဆီ၊
  ဇွဲလုံ့လချီ အစပြု
  စည်းကမ်းလိုက်နာမှု။
- ဂုဏ်အင်ပေါင်းစု တို့ကျောင်းတော်
  စံပြဖြစ်ဖို့နော်၊
  လူတော်လူမော် ဖြစ်ဖို့အရေး
  ကြိုးစားကြမယ်လေး။ ။



**ပိုင်ဆု(ပညာရေး)**




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

Myanmar MOBILE MONEY

အပြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်တွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


## မန္တလာမြေအိမ်ခြံမြေနှင့် မြေယာသင်တန်းအမှတ်စဉ်(၃)

(၁) မြေအမျိုးအစား၊ ဂရန်သစ်၊ မြေငှားဂရန်လျှောက်ထားမှု၊ ဂရန်အမည်ပြောင်း၊ ဘိုးဘအမည်ပယ်ဖျက်၊ ဖြည့်စွက်၊ ဂရန်သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ မြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ။
(၂) လယ်ယာမြေ (၂၀၁၂)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် အမည်ပြောင်းများ။
(၃) အာမခံကိစ္စ၊ ဘဏ်ကိစ္စရပ်များ။

အထက်ပါအကြောင်းအရာများ သင်တန်းသားများ သိသင့်သိထိုက်သော မြေအကြောင်းသိကောင်းစရာများကို ဦးအေးကျော်မြင့်(ဌာနမှူး၊ မြေယာ-ငြိမ်း၊ ကော်လိတ္တော်အရာရှိ-ငြိမ်း)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဦးမြင့်ဆွေ(သစ်တောဝန်ကြီးဌာန-ငြိမ်း)၊ လုပ်သက်ရင့်နည်းပြဆရာ(အာမခံလုပ်ငန်း)တို့က သင်ကြားပို့ချပါမည်။ (၁၃၀၀၀၀ဝိ/)

သင်တန်းဖွင့်မည့်ရက် (၃၀-၁-၂၀၂၅)ရက်မှ (၁၃-၂-၂၀၂၅)ရက်အထိ
နံနက် (၈)နာရီမှ (၁၀)နာရီအထိ
ဆက်သွယ်ရန်နှင့် သင်တန်းနေရာ
သရက်ကုန်း၊ မဟာဇေယျာဘုံ၊ ၅၆ လမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၀၁၈၇၆၊ ၀၉-၂၀၁၉၆၅၅





*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်နှင့်လည်း ကံစမ်းလို့ရနေပြီနော်...


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ၈၄/၄၇ နေ၊ ဦးရဲတင့် + ဒေါ်ခင်ဝင်းတို့၏ စတုတ္ထသမီးဖြစ်သူ မခင်သန်းဆင့်(ခ)အားစံ(၉/ခမစ(နိုင်)၀၄၈၆၉၃)သည် မိဘစကားနားမထောင်ဘဲ မိဘနှင့် မိသားစုတို့ကို ကိုယ်ထိလက်ရောက် ရန်ပြု၊ ကျူးလွန်စော်ကားမှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် (ဒွါနို့ထ)သားသမီးအဖြစ်ကြေညာကာ သမီးအဖြစ်မှ အပြီးပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မခင်သန်းဆင့်တို့မိသားစုနှင့်ပတ်သက်သော အကြောင်းအရာဟူသမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် နောက်နောင် မိဘတို့ကိုလာရောက်နှောင့်ယှက်ခြင်းတို့ရှိခဲ့ပါက ဥပဒေအရအရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲတင့်(၉/မကန(နိုင်)၀၆၁၁၃၆)
ဒေါ်ခင်ဝင်း(၉/မကန(နိုင်)၀၆၅၄၄၉)

## ဖခင်အမည်မှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ.ထ.က(စဉ့်ကိုင်)၊ Grade-6(D)မှ မဂျူးသဉ္ဇာနွယ်(၁၉၃၂) ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးပေါက်စဖြစ်ပါကြောင်း။

ဦးပေါက်စ(၉/စကတ(နိုင်)၀၆၀၄၇၄)

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရွှေချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း Grade-4 တွင် ပညာသင်ကြားနေသော ဦးတင်လင်း + ဒေါ်ဝေမာတို့၏သား မောင်ကောင်းမြင့်မြတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၃-၂၀၁၃ ဖြစ်ပါကြောင်း။ မောင်ကောင်းမြင့်မြတ်(၈-၃-၂၀၁၃)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊
အောင်မြေသာစံမြို့နယ်၊
မင်းတဲအီကင်းရပ်ကွက်နေ
မောင်သုမောင်ဝမ်း
(ဘ) ဦးဘိုဝမ်း(၉/မနမ(နိုင်)၁၁၆၂၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA513833) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၀၂၆၂၄၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်နေ ဦးထွန်းစိန်၏သား ဦးမြတ်မိုး (ခ) ဦးမြမိုး (၅/ရဘန(နိုင်)၀၂၇၅၅၈)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြတ်မိုး (ခ) ဦးမြမိုး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နဂါးရပ်ကွက်နေ၊ ဦးအိုက်တီ၏သား နေသူရိန်ဝင်း (ခ) သူရိန်ဝင်း(၁၃/လရန(နိုင်)၁၆၆၄၁၀)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နေသူရိန်ဝင်း (ခ) သူရိန်ဝင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာ ရှိသည်"ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံ နယ်ပယ်နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ(၁)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့်သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်လုပ်ငန်း

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

